

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်တပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် သတင်းစာဆရာများ သေဆုံးရ ကန်စစ်ဘက်က စုံစမ်းစစ်ဆေးပေးရန် အမြဲတမ်းပျက်ကွက်နေ

နယူးယောက် စက်တင်ဘာ ၁၅

**အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသော သတင်းစာဆရာများ၏ ဖြစ်ရပ်များနှင့်ပတ်သက်၍ အမေရိကန်စစ်ဘက်က စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အမြဲတမ်းပျက်ကွက်နေကြောင်း၊ ယင်းသို့ ပျက်ကွက်မှုများကြောင့် အမေရိကန်စစ်ဌာနချုပ်၏ ဂုဏ်ဒြပ်မှေးမှိန်ရကြောင်း မီဒီယာ လေ့လာစောင့်ကြည့်ရေးအဖွဲ့ တစ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ဝေဖန်လိုက်သည်။**

အီရတ်နိုင်ငံတွင် ၂၀၀၃ ခုနှစ် မတ်လ စစ်ပွဲစတင်ခဲ့ချိန်မှစ၍ အမေရိကန် တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်သတ်ဖြတ်မှု ကြောင့် သတင်းစာဆရာ ၁၃ ဦး သေဆုံးခဲ့ရသည့် ဖြစ်ရပ်များ ပေါ်ပေါက် ခဲ့ကြောင်း၊ အီရတ်ပဋိပက္ခ ကာလ အတွင်း အခြားသော သတင်းထောက် ၄၀ ထက်မနည်းမှာလည်း သေဆုံးခဲ့ရ ကြောင်း အမေရိကန်နိုင်ငံ နယူးယောက် မြို့ အခြေစိုက် သတင်းစာဆရာများအား ကာကွယ်စောင့်ရှောက်ရေး ကော်မတီ (စီပီဂျေ) အမည်ရှိ အဖွဲ့အစည်းက ဝေဖန်ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှု ကြောင့် သတင်းစာဆရာ ၁၃ ဦး သေဆုံး ခဲ့ရခြင်းမှာ သတင်းစာဆရာများ ရောက် ရှိနေသည့်နေရာရှိ အရပ်သားများကို အမေရိကန်တပ်ဖွဲ့ဝင်များက အရမ်း ကာရော ပစ်ခတ်မှုများကြောင့် ဖြစ်ရ ကြောင်း စီပီဂျေက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြထား သည်။

အီရတ်နိုင်ငံတွင် မီဒီယာ အကူ ဝန်ထမ်း ၂၁ ဦးမှာလည်း သေဆုံးခဲ့ရ ကြောင်း၊ ၎င်းတို့အနက် နှစ်ဦးမှာ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှု ကြောင့်ဖြစ်ကြောင်း၊ သတင်းစာဆရာ များ သေဆုံးရသည့် ဖြစ်ရပ်တိုင်းတွင် အမေရိကန်တပ်ဖွဲ့က စုံစမ်းစစ်ဆေးရန် ပျက်ကွက်ခဲ့ကြောင်း၊ သတင်းစာဆရာ များ သေဆုံးရမှုအတွက် အမေရိကန် တပ်ဖွဲ့က လူသိရှင်ကြား ထုတ်ဖော် ပြောကြားခြင်းလည်း မရှိကြောင်း ကြေညာချက်တွင် ပါရှိသည်။

စီပီဂျေအဖွဲ့၏ ထုတ်ပြန်ကြေညာ ချက်နှင့် ပတ်သက်၍ အမေရိကန် စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ အဲရစ် ရက်ဖ်အား ရိုက်တာသတင်းဌာနက မေးမြန်းရာတွင် အဆိုပါ ကြေညာချက် ကို ၎င်းဖတ်ရှုရခြင်းမရှိကြောင်း၊ စီပီဂျေ အဖွဲ့၏ စွပ်စွဲချက်များမှာ မှန်ကန်ခြင်း မရှိကြောင်း တုံ့ပြန်ပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***

# ရောမမြို့အနီး စစ်တန်းလျားၡ ဗုံးပေါက်ကွဲ ရဲအရာရှိတစ်ဦး သေဆုံး

**ရောမ စက်တင်ဘာ ၁၅**

အီတလီနိုင်ငံ ရောမမြို့တော်အနီးရှိ စစ်တန်းလျားတစ်ခုတွင် ဗုဒ္ဓဟူးနေ့က အသေးစား ဗုံးတစ်လုံးပေါက်ကွဲသဖြင့် လက်နက်ကိုင်ရဲတပ်ဖွဲ့ အရာရှိတစ်ဦး သေဆုံးပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိ ကြောင်းဖြင့် တာဝန်ရှိသူရှိတစ်ဦးက ပြောကြားသည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားကြောင်းကို အမည်မဖော်လိုသည့် အရာရှိတစ်ဦး က ပြောကြားသည်။ အဆိုပါဗုံးကို စစ်တန်းလျားအတွင်း မည်သို့မည်ပုံ ယူဆောင်လာသည့်ကိစ္စနှင့် စပ်လျဉ်း၍ သဲသဲကွဲကွဲ မရှိသေးပေ။ သို့ရာတွင် အီတလီရဲတပ်ဖွဲ့ဝင်များကို ဒေသခံ အကြမ်းဖက်သမားများက အသေးစား ပါဆယ်ဗုံးများ ပေးပို့ကာ မကြာခဏ ပစ်မှတ်ထား တိုက်ခိုက်လေ့ရှိသည်။

ရောမမြို့တော်တောင်ပိုင်း လာတီနာ စစ်တန်းလျားရှိ ကာရာဘင်နာရီ လက်နက်ကိုင်ရဲတပ်ဖွဲ့ စစ်တန်းလျား ၏ စာရွေးရာအခန်းတွင် အဆိုပါ ဗုံး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ရဲသတင်း ရပ်ကွက်က ပြောကြား သည်။ အဆိုပါ ရဲလက်နက်ကိုင်တပ်ဖွဲ့က ဒေသတွင်းရှိ အခြားတန်းလျားများတွင် ဗုံးများရှာဖွေ ကြရန် အမိန့်ထုတ်ပြန်ထားသည်။

***အမ်အင်အေ၊ ရိုက်တာ။***




# ကုလသမဂ္ဂအစည်းအဝေး တက်ရောက်ရန်အတွက် ၎င်း၏ ကိုယ်စားလှယ်အဖွဲ့အား ပြည်ဝင်ခွင့်ဗီဇာ ကန်က ထုတ်မပေးဟု ဗင်နီဇွဲလားသမ္မတက စွပ်စွဲပြောကြား

ကာရာကတ်စ်(ဗင်နီဇွဲလား) စက်တင်ဘာ ၁၅

**အမေရိကန်နိုင်ငံ နယူးယောက်မြို့တော်တွင်ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံ အစည်းအဝေး တက်ရောက် ရန်အတွက် မိမိ၏ကိုယ်ရေးကိုယ်တာ လုံခြုံရေးအထူးတာဝန်ယူထားသောအဖွဲ့နှင့် ဆေးဘက်ဆိုင်ရာအဖွဲ့ကို အမေရိကန် အစိုးရက ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးရန် ငြင်းပယ်ခြင်းဖြင့် မိမိ၏ခရီးစဉ်အား ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းနေကြောင်းဖြင့် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က အင်္ဂါနေ့တွင် စွပ်စွဲပြောကြားလိုက်သည်။**

ကုလသမဂ္ဂ အကြိမ်(၆၀)မြောက် နှစ်ပတ်လည် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အမေရိကန်နိုင်ငံ သို့ ယခုရက်သတ္တပတ်တွင် ခရီးသွားရေး၊ မသွားရေး၊ မသွားရေးနှင့် ပတ်သက်၍ ဟူဂိုချာဗက်ဇ်က ယခုတိုင်စဉ်းစားသုံးသပ် လျက်ရှိသည်ဟု ပြောကြားသည်။

**ငြင်းဆန်**

အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး ကမူ ၎င်း၏ ကိုယ်စားလှယ်အဖွဲ့အား ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးရန် ငြင်းဆန် မှုမရှိဟု ပြောကြားသည်။

၎င်းတို့က မိမိအား သတ်ဖြတ်ရန် ခြိမ်းခြောက်ကြကြောင်း၊ မိမိနှင့် နှစ်ပေါင်းများစွာကတည်းက ရှိခဲ့သည့် မိမိ၏ အရင်းနှီးဆုံးသော လုံခြုံရေး တပ်ဖွဲ့ကိုလည်း ဗီဇာထုတ်ပေးရန် ငြင်းဆန်ခဲ့ပြီး မိမိ၏ ဆေးဘက်ဆိုင်ရာ အဖွဲ့ကိုလည်း ဗီဇာထုတ်ပေးရန် ငြင်းဆန်ခဲ့ကြောင်း ချာဗက်ဇ်က ပြော ကြားသည်။

**ဝင်ရောက်စွက်ဖက်**

မိမိ၏ ခရီးသွားလာရေးကိစ္စတွင် ဝင်ရောက်စွက်ဖက်ကြသည်မှာ သံသယ ပွားစရာမလိုကြောင်း ၎င်းက ထပ် လောင်းပြောကြားသည်။

ဗင်နီဇွဲလား ကိုယ်စားလှယ်အဖွဲ့ အား မိမိတို့ ပြည်ဝင်ခွင့်ဗီဇာထုတ် ပေးရန် မငြင်းဆန်ခဲ့ကြောင်း၊ ဗီဇာ ထုတ်ပေးနေပြီဖြစ်ကြောင်း အမေရိကန် သံရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။***အမ်အင်အေ၊ ရိုက်တာ။***

# လန်ဒန်မြို့ရှိ စတိုးဆိုင်၌ ပစ်ခတ်မှုဖြစ်ပွား၊ လူနှစ်ဦးသေဆုံး

**လန်ဒန် စက်တင်ဘာ ၁၅**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော် မြို့လယ် ကောင်ရှိ သီးသန့်စတိုးဆိုင်တစ်ခုတွင် အင်္ဂါနေ့က ပစ်ခတ်မှုဖြစ်ပွားရာတွင် လူနှစ်ဦး သေဆုံးခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့ က ပြောကြားသည်။

**သေဆုံး**

လန်ဒန်မြို့တော် လူကုံထံများနေထိုင် ရာ နိုက်ဘရစ်ဒေသရှိ ဟာဗေးနစ်ကိုး စတိုးဆိုင်တွင် ပစ်ခတ်မှုဖြစ်ပွားသဖြင့် အသက် ၃၀ ခန့် အမျိုးသမီးနှင့် အမျိုး သားတစ်ဦးတို့ သေဆုံးခဲ့သည်။

လက်နက်ကိုင်ထားသည့် အမျိုးသား တစ်ဦးက စတိုးဆိုင်အောက်ဆုံးထပ် တွင် အမျိုးသမီးတစ်ဦးအား ပစ်ခတ် ခဲ့ပြီး ၎င်း၏ကိုယ်အား သေနတ်ဖြင့် ပစ်ခတ်ခဲ့ဖွယ်ရှိသည်ဟု ရဲသတင်း ရပ်ကွက်က ပြောကြားသည်။

ယင်းဖြစ်ရပ်နှစ်ခုနှင့် ပတ်သက်၍ ဆက်စပ်မှု ရှိ၊ မရှိ မသိရသေးကြောင်း ရဲသတင်းရပ်ကွက်က ပြောကြားသည်။ ၎င်းတို့နှစ်ဦးသည် ဆွေမျိုးတော်စပ်သည် ဆိုသည့် သတင်းများအပေါ် ရဲတပ်ဖွဲ့ က ဝေဖန်ပြောကြားမှု မရှိသေးကြောင်း သိရသည်။

**ထုတ်ပြန်မည်မဟုတ်**

၎င်းတို့၏ မိသားစုများကိုအကြောင်း ကြားမှု မပြီးမချင်း သေဆုံးသူ များ၏ အသေးစိတ်သတင်း ထုတ်ပြန်မည် မဟုတ်ဟု ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့် ရှိသူက ပြောကြားသည်။

လက်နက်ကိုင်ဆောင်သူသည် လုံခြုံ ရေးအစောင့်ဖြစ်ပြီး စတိုးဆိုင်မှဝန်ထမ်း ဖြစ်သည်ဟု ရဲက ပြောကြားသည်။

စတိုးဆိုင် ပိတ်ခါနီး ည ၇ နာရီ ၄၅ မိနစ်တွင် ပစ်ခတ်မှု ဖြစ်ပွားခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

# ဘဂ္ဂဒက်မြောက်ဘက်တွင် ကားဗုံးဖောက်ခွဲမှုဖြစ်ပွား

**ကယ်ကွတ် စက်တင်ဘာ ၁၆**

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်မြောက်ဘက် တပ်ခါမာတူမြို့တွင် သောကြာနေ့က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး ၂၁ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရှီးယိုက်တို့ ရှိနေသော လူအုပ်အတွင်းသို့ အတင်းဝင်ရောက်ကာ ကားဗုံးဖောက်ခွဲခြင်းဖြစ်ကြောင်း၊ အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် သုံးရက် တာကာလအတွင်း မငြိမ်မသက်မှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၁၈၀ ကျော် သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တပ်ခါမာတူမြို့သည် မြို့တော်ဘဂ္ဂဒက်မြောက်ဘက် မိုင် ၁၀၀ အကွာ တွင် တည်ရှိပြီး အီရတ်နိုင်ငံ မြောက်ပိုင်း ကာ့ဒ်ဒေသ၏ နယ်စပ်ဒေသ၌ တည်ရှိသော မြို့ငယ်တစ်မြို့ဖြစ်သည်။ ယင်းမြို့တွင် မကြာသေးမီလများ အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားသည့် ဗုံးခွဲတိုက်ခိုက်မှု များ မကြာခဏဖြစ်ပွားခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

# ကက်ထရီနာမုန်တိုင်းကြောင့် သေဆုံးသူဦးရေ တိုးလာ

**ဝါရှင်တန် စက်တင်ဘာ ၁၆**

အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်း ကမ်းခြေဒေသတွင် ကျရောက်သွား သော ကက်ထရီနာဟာရီကိန်းမုန်တိုင်း ကြောင့် သေဆုံးရသူ အရေအတွက် မှာ စက်တင်ဘာ ၁၄ရက်က နောက်ဆုံး ရရှိသော စာရင်းများအရ ၇၀၈ဦးအထိ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

လူဝီစီးယားနားပြည်နယ်တွင် ထပ်မံ တွေ့ရှိရသော သေဆုံးသူ ၅၁ဦး တိုးလာ ပြီးနောက် သေဆုံးသူစုစုပေါင်းဦးရေ သည် ၇၀၈ဦးသို့ တိုးသွားခြင်းဖြစ် သည်။ ဗုဒ္ဓဟူးနေ့စာရင်းများအရ လူဝီစီးယားနားပြည်နယ်တွင် သေဆုံး သူစုစုပေါင်း ၄၇၄ဦး၊ ပစ္စစ္စပီဒေသ တွင် ၂၁၈ဦး၊ အယ်လ်ဘားမားဒေသ တွင် နှစ်ဦးနှင့် ဖလော်ရီဒါဒေသတွင် ၁၄ဦး အသီးသီးရှိကြောင်း ဒေသဆိုင်ရာ အရာရှိများက ပြောကြားသည်ကို ကိုး ကား၍ သတင်းများက ဖော်ပြခဲ့ခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# ပြန်ပေးဆွဲခံခဲ့ရသည့် တူရကီအင်ဂျင်နီယာသုံးဦး အီရတ်မှ ပြန်လည်လွတ်မြောက်လာ

**အန်ကာရာ စက်တင်ဘာ ၁၅**

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်လခန့်က ပြန်ပေးဆွဲခံခဲ့ရသည့် တူရကီ နိုင်ငံသား အင်ဂျင်နီယာသုံးဦး ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်းဖြင့် တူရကီနိုင်ငံ အနာတိုလီယာသတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

ဘဂ္ဂဒက်မြို့တော် အရှေ့ပိုင်းဒေသရှိ ဘေဂျီမြို့တွင် ပြောက်ကျားများက တနင်္လာနေ့က လွှတ်ပေးလိုက်သည့် ၎င်းအင်ဂျင်နီယာသုံးဦးတို့သည် နယ်စပ်ဂိတ်မှ တူရကီနိုင်ငံသို့ ပြန်သွားကြပြီဖြစ်သည်ဟု သတင်းဌာနက ဖော်ပြသည်။

**ရုပ်သိမ်းရန်လိုလား**

၎င်းတို့မှာ ၂၀၀၅ ခု ဇူလိုင် ၁၄ ရက်က ပြန်ပေးဆွဲခံခဲ့ရကြောင်း၊ ပြန်ပေး ဆွဲသူ ပြောက်ကျားများက မိမိတို့အား ခေါင်းဖြတ်ပစ်မည်ဟု ညစဉ် ခြိမ်း ခြောက်ခဲ့ကြောင်း၊ ၎င်းပြောက်ကျားများက တူရကီကုမ္ပဏီများအနေဖြင့် အမေ ရိကန်တပ်ဖွဲ့ဝင်များနှင့် စီးပွားရေးအရ ဆက်ဆံမှုအဆက်ဖြတ်ရန် လိုလား နေကြကြောင်း၊ မိမိတို့ကုမ္ပဏီအားလည်း အီရတ်မှ ရုပ်သိမ်းရန်လိုလားကြ ကြောင်း စသည်ဖြင့် အင်ဂျင်နီယာတစ်ဦးဖြစ်သူ ဖာတီရီဂျစ်က ပြောကြားသည်။

အီရတ်တွင် ဓားစာခံအဖြစ် အဖမ်းခံရသူ တူရကီအင်ဂျင်နီယာ သုံးဦး လွတ်မြောက်လာခြင်းသည် လျော်ကန်သင့်မြတ်သည့် တိုးတက်ဖြစ်ထွန်းမှုတစ်ရပ် ဟု တူရကီနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာဂါးက ထုတ်ဖော်ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***



အီရတ်နိုင်ငံ တယ်လ်အာဖာမြို့တွင် မသင်္ကာသူများအား ရှာဖွေ နေကြသည့် အပေါင်းပါတပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

✧ နိုင်ငံတော်မှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တပ်မတော်အရာရှိများလိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်ဖြင့် ကျိုင်းတုံမြို့မှ ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီ မိနစ် ၂၀တွင် မိုင်းဆတ်မြို့သို့ ရောက်ရှိကြပြီး မိုင်းဆတ်တပ်နယ်မှ ဗိုလ်မှူးချုပ် တင်ယု လိုက်ပါလျက် ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီခွဲတွင် မိုင်းဆတ်ခရိုင် မိုင်းတုံမြို့သို့ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့အား မိုင်းတုံတပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းမောင်နှင့် တပ်မတော်အရာရှိများ၊ မိုင်းတုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မိုင်းတုံ တပ်နယ် ပြည်ငြိမ်းအေးခန်းမသို့ ရောက်ရှိကြပြီး မိုင်းတုံတပ်နယ်မှ တပ်မတော် သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

### မှာကြား

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒို့တာဝန်အရေးသုံးပါး ကို ဦးထိပ်ပန်ဆင်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေး၊ မိသားစုသက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းတုံတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအတွက် အဝတ်အထည်များကို ပေးအပ်ရာ မိုင်းတုံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းမောင်က လက်ခံယူသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များ ဖြင့် မိုင်းတုံမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိ ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိုင်းတုံမြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား မိုင်းတုံမြို့၏ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နယ်မြေဒေသအခြေအနေများကို မေးမြန်းပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာ ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ကြီး ပေါ်ထွန်းလာရေးအတွက် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအား ဖြင့် ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ပေါ်နှင့်မြေပြန့် နယ်စပ်ဒေသနှင့် အတွင်းပိုင်း ဒေသများပါမကျန် မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် စီမံကိန်းတို့ကိုချမှတ်ပြီး စနစ်တကျ စီမံဆောင်ရွက် လျက် ရှိသဖြင့် နိုင်ငံတစ်ဝန်းလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်လာသည်ကို အထင်အရှား တွေ့မြင်ရမှာဖြစ်ကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်အနေဖြင့် မိုးစပါး ၂၀၀၄-၂၀၀၅ခုနှစ်မှာ ၁၅၆၃၇ဧကေ စိုက်ပျိုးခဲ့ပြီး ၂၀၀၅-၂၀၀၆ခုနှစ်မှာ ရာသီကုန်အထိ ၂၀၂၀၃ဧကေ စိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ ဒေသဝမ်းစာဖူလုံမှုအနေဖြင့် ၁၇၁ ဒသမ ၃၈ရာခိုင်နှုန်းရှိကြောင်း သိရှိရ၍ ဝမ်းသာပီတိဖြစ်ရပါကြောင်း။

### နည်းပညာပေး

ဤဒေသ၌ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း သိရှိရသဖြင့် နိုင်ငံခြားဝင်ငွေ ရရှိနိုင်သော စက်မှုကုန်ကြမ်းသီးနှံရော်ဘာကို မြေလွတ်မြေလပ်များဖော်ထုတ် ပြီး တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များက တိုးချဲ့စိုက်ပျိုးလုပ်ကိုင်နိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများက မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးနည်းပညာ များ ပြသပေးပြီး စည်းရုံးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်၏ အခြေခံစီးပွားရေးသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားစေရန်နှင့် စိုက်ပျိုးရေးထွက်ကုန်များ တိုးတက် ထွက်ရှိစေရန်၊ ဈေးကောင်းရရှိနိုင်သည့် စိုက်ပျိုးရေးထွက်ကုန်များကို ပြည်ပသို့ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချနိုင်ရေးအတွက် ဒေသခံ တိုင်းရင်းသားပြည်သူများက ဒေသအလိုက် ဝိုင်းဝန်းကြိုးပမ်းထုတ်လုပ်သွားနိုင်ရေး တို့အပြင် ဌာနဆိုင်ရာများကလည်း စေတနာပါပါဖြင့် အားသွန်ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် မိုင်းတုံမြို့မှ ထွက်ခွာခဲ့ကြပြီး မိုင်းတုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ များနှင့် မိုင်းကိုင်မြို့နယ်၏ မိုးစပါးစိုက်ပျိုးပြီးစီးမှုများကို ရဟတ်ယာဉ်ဖြင့်ကြည့်ရှု စစ်ဆေးသည်။

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မိုင်းတုံ-ပုံပါကျင် ကားလမ်းအခြေအနေကိုလည်းကောင်း၊ မိုးစပါးစိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ မိုင်းတုံ-ပုံပါကျင် ကားလမ်း တစ်လျှောက် သဘာဝသစ်တောများ အခြေအနေကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းတုံ- ပုံပါကျင်ကားလမ်းပေါ်ရှိ မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် နားကောင်းမူဒေသ၏ အခြေအနေကိုလည်းကောင်း၊ ပုံပါကျင်-မိုင်းတုံ-မိုင်းဆတ် ကားလမ်းအခြေအနေ ကို လည်းကောင်း ရဟတ်ယာဉ်ဖြင့်လှည့်လည်ကြည့်ရှုစစ်ဆေးရာ မိုင်းတုံ တပ်နယ်မှဗိုလ်မှူးကြီး ဝင်းမောင်နှင့် မိုင်းဆတ်တပ်နယ်မှ ဗိုလ်မှူးချုပ်တင်ယု တို့က ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့သည် မိုင်းတုံမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ရဟတ်ယာဉ်ဖြင့် မိုင်းတုံ-မိုင်းဆတ် ကားလမ်းအခြေ အနေ၊ မိုင်းတုံ-မိုင်းဆတ်ဒေသတောင်ကုန်းနှင့် လျှိုမြောင် များအကြားလေ့ကား ထစ်တောင်ယာစနစ်ဖြင့်မိုးစပါးနှင့် ရာသီသီးညှပ်သီးနှံများစိုက်ပျိုးထားရှိမှု၊ သဘာဝ သစ်တောများအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။



**စက်တင်ဘာ ၁၆ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း နှင့် ဇနီး (၇၂)ကြိမ်မြောက် မလေးရှားတပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်လာရာ စစ်သံမှူး Col Hj. Abbas Bin Hj. Mat နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့သည် မွန်းလွဲ ၂နာရီခွဲ တွင် မိုင်းဆတ်လေဆိပ်သို့ ရောက်ရှိကြရာ မိုင်းဆတ်တပ်နယ်မှ တပ်မတော် အရာရှိများ၊ မိုင်းဆတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ငွေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များ ဖြင့် မိုင်းဆတ်တပ်နယ်သို့ ရောက်ရှိကြပြီး မိုင်းဆတ်တပ်နယ်မှ တပ်မတော်သား များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်း ပြောကြားပြီး ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူ လက်တွဲညီညီဖြင့် ပူးပေါင်းဆောင်ရွက်သွားရေး၊ သက်သာချောင်ချိရေး တို့အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရေး တို့ကိုမှာကြား ပြီး တက်ရောက်လာကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့သည် မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိကြပြီး သီရိရတနာ ခန်းမ၌ မိုင်းဆတ်ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊လူမှုရေး အသင်းအဖွဲ့ဝင် များ၊ ရပ်မိရပ်ဖများအားတွေ့ဆုံသည်။

### ဖွံ့ဖြိုးတိုးတက်

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိမိအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ခြောက်နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ယခု ၁၀နှစ်အကြာ၌ မိုင်းဆတ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်ရသဖြင့် ဝမ်းသာပီတိဖြစ်ရကြောင်းနှင့် နိုင်ငံတော်၌ ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော် အစိုးရက ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများမှာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးများဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အအုံ မြောက်မြားစွာကို တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုတစ်ဝန်း လုံး လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် လမ်းများ၊ တံတားများ၊ လေယာဉ်ကွင်းများ၊ မီးရထားလမ်းများကို ကွန်ရက်သဖွယ် ဖြန့်ကြက်ပြီး လက်ယှက်ထိုး တည်ဆောက်ဖောက်လုပ်ပေးခဲ့ရာ တိုင်းရင်းသားပြည်သူများ သွားလာဆက်သွယ်ရေး ပိုမိုလွယ်ကူလာကာ ဒေသအသီးသီးနေ တိုင်းရင်းသား များ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

### ပူးပေါင်းဆောင်ရွက်

ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း မိမိဒေသဖွံ့ဖြိုးတိုးတက် ရေး၊ မိမိနယ်မြေဖွံ့ဖြိုးတိုးတက်ရေးမှသည် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး အတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ ဦးတည်ချက် (၁၂)ရပ်နှင့် အညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက် သွားကြရမှာဖြစ်ကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်အနေဖြင့် စိုက်ပျိုးနိုင်သည့် မြေ ဧရိယာ ၂၄၁၇၄၁ ဧကေ ရှိသည့်အနက် ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါး ၅၇၁၆၈ ဧကေ၊ နွေစပါး ၂၇၇၅ ဧကေ စုစုပေါင်းစပါးစိုက်ဧကေ ၅၉၉၄၃ ဧကေ စိုက်ပျိုး နိုင်ခဲ့ကြောင်း၊ ဒေသဝမ်းစာဖူလုံမှုမှာ ၁၂၂ ဒသမ ၅၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရ၍ စိုက်ပျိုးရေးကဏ္ဍ အထိုက်အလျောက် တိုးတက်မှုရှိသည်ကို တွေ့ရ ကြောင်း၊ ဒေသအတွင်း မြေလွတ်မြေရိုင်းများကို ရှာဖွေဖော်ထုတ်၍ ပြည်ပ ဈေးကွက်ရှိပြီး နိုင်ငံခြားဝင်ငွေရရှိနိုင်သော စက်မှုကုန်ကြမ်းသီးနှံရော်ဘာတိုးချဲ့ စိုက်ပျိုးသွားနိုင်ရေးကိုလည်း စနစ်တကျ စီမံလုပ်ဆောင်သွားကြစေလိုကြောင်း။

ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာဒေသကို မိမိဇာတိသဖွယ် သဘောထားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံ တိုင်းရင်းသားပြည်သူ များ၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့ပြည့်စုံနေမှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ပိုမိုသွက်လက်ထိရောက် အောင်မြင်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာဝပြောပြီး ဒေသ အလိုက်ဖွံ့ဖြိုးတိုးတက်မှုများမှတစ်ဆင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူနေမှုဘဝ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မြင့်မားလာစေရေးအတွက် နိုင်ငံ တော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် လက်တွဲညီညီဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့သည် မိုင်းဆတ်မြို့ ၏ မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရဟတ်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး မိုင်းဆတ်မြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ကျိုင်းတုံမြို့သို့ ပြန်လည်ရောက်ရှိပြီး ကျိုင်းတုံမြို့၌ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

## စတုဘုမ္မိက တရားပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

သဃ်န်းကျွန်းမြို့နယ် ဓ/မြောက်ရပ်ကွက် ပြည်သာယာလမ်း စတုဘုမ္မိက မဂ္ဂင်ရိပ်သာတွင် စက်တင်ဘာ ၁၇ရက် (တော်သလင်းလပြည့်နေ့) နံနက် ၉နာရီတွင်လည်းကောင်း၊ မွန်းလွဲ ၂နာရီခွဲတွင်လည်းကောင်း ဓမ္မကထိက ဗဟုဇနဟိတဓရ သံတွဲဆရာတော် ဘဒ္ဒန္တ သုန္ဒရက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၇-၉-၂၀၀၅ (စနေနေ့)**

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ တေးဂီတအစီအစဉ်
- ၇း၁၀ ဗောဓိရှုဂ်သုတ်တော်
- ၇း၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၇း၂၀ စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင်
- ၇း၃၀ တေးဂီတအစီအစဉ်
- ၇း၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၇း၄၀ သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား)
- ၇း၅၀ တေးဂီတအစီအစဉ်
- ၇း၅၅ ဗွီစီဒီမိတ်ဆက် (ချစ်ကောင်း ကော်ဖီခါးခါးအလှည့်)
- ၈း၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၈း၁၅ တေးဂီတအစီအစဉ်
- ၈း၂၀ Art&Technology Talk (ဦးမြင့်မောင်ကျော်၊ ဦးမျိုးမြတ်သူ)
- ၉း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၀၅ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း
- ၉း၂၀ တေးဂီတအစီအစဉ်
- ၉း၂၅ မိုးလေဝသခန့်မှန်းချက်
- ၉း၃၀ လွယ်လူသက်သ မြန်မာ့ဟင်းလျာ
- ၉း၅၅ တေးဂီတအစီအစဉ်
- ၁၀း၀၀ မြောက်ဦးခေတ်နှင့် ရှစ်သောင်းပုထိုးတော်ကြီး
- ၁၀း၀၅ ကျော်ကြားထင်ရှားအနုပညာ ပုလဲပန်းများ စန္ဒရားချစ်ဆွေ (အပိုင်း-၃)
- ၁၀း၅၀ တေးဂီတအစီအစဉ်
- ၁၀း၅၅ ချင်းရိုးရာဝတ်စားဆင်ယင်မှု
- ၁၁း၀၀ MRTV-4 အပိတ် Logo

**အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**English Premier League**

**ဘောလုံးပွဲစဉ်များ**

ညပိုင်း အစီအစဉ်

- ၈း၀၀ ပွဲကြိုသုံးသပ်ချက်(၁)
- လိုင်း 5-Cartoons(Live)
- ၈း၃၀ Charlton - Chelsea
- လိုင်း 5-Cartoons(Live) Fulham-Westham United
- လိုင်း 5-Movies(Live)
- ၁၀း၃၀ ပွဲကြိုသုံးသပ်ချက်(၂)
- လိုင်း 5-Cartoons(Live) Sunderland -West Bromwich
- လိုင်း 5-Movies (SDD)
- ၁၀း၄၅ **AstonVilla-Tottenham**
- လိုင်း 5-Cartoons(Live)
- ၁း၀၀ Final Score
- လိုင်း 5-Cartoons(Live)

# တော်သလင်းလနှင့် ဂရုဓမ္မသီလ

ဦးကျော်စိန် (မန္တလေး)

**“တော်သလင်း”**၏ ဇာစ်မြစ်ကို သက္ကတ၊ ပါဠိနှင့် အခြားဘာသာစကားများထဲ၌ ရှာဖွေရန်မလိုပါ။ မြန်မာစကားသက်သက်ဖြင့်ပင် အဓိပ္ပာယ်ထွက်ပါသည်။ **“တော်”** ဆိုသည်မှာ မြင့်မြတ်သည်၊ အထွတ်အထိပ် ဖြစ်သည်၊ အထက်ကောင်းကင် ဖြစ်သည်ဟူ၍လည်းကောင်း၊ **“သလင်း”**ဆိုသည်မှာ **“သာလင်း”** မှလာ၍ သာယာထွန်းလင်းဟူသော အဓိပ္ပာယ်ရှိသည်ဟူ၍လည်းကောင်း၊ ကြံဆကြသည်။ တော်သလင်းလမှာ ကန်ရာသီ ဖြစ်၏။ နတ်ကညာ စပါးနှံကိုင်သော ရုပ်ပုံဖြင့် မှတ်သားကြ၏။ ဤရာသီမှာ ဘဒြပိုဒ်နက္ခတ်စန်းယှဉ်၏။ ယင်းမာပန်းပွင့်၏။ **“တော်သလင်းမြစ်တွင်းသင်ဖြူးခင်း”** ဟု စကားပုံရှိ၏။ ဤလ၌ ဧရာဝတီမြစ်ထဲတွင် လှိုင်းလေ ကင်းစင်၍ ကြေးမုံပြင်ကဲ့သို့ ညီညာပြန့်ပြူးသော ရေပြင်၌ လှေပြိုင်ပွဲများ ကျင်းပရန် အကောင်းဆုံးအချိန်အခါဖြစ်သည်။ ထို့ကြောင့် ဤလတွင် ရှေးမြန်မာဘုရင်တို့သည် **“မြစ်ယံပွဲ”** ဟူ၍ လည်းကောင်း၊ **“ပန်းလုသဘင်”** ဟူ၍လည်းကောင်း ခေါ်ဆိုမြဲဖြစ်သော **“လှေပြိုင်ပွဲ”**ကို ဆင်ယင်ကျင်းပကြသည်။

တော်သလင်းလပြည့်နေ့ကို **“ဂရုဓမ္မအခါတော်နေ့”**ဟူ၍ သတ်မှတ်ထားကြပါသည်။ ဤအကြောင်းကို ငါးရာ့ငါးဆယ် နိပါတ်တော်လာ ဇာတ်ဝတ္ထုကြောင်းဖြင့် တင်ပြရပါလျှင် ရှေးအခါက ကုရုတိုင်း ဓနဉ္စယကောရဗျမင်းနှင့် တိုင်းသူပြည်သား တို့သည် **“ဂရုဓမ္မသီလ”**ကို လုံခြုံအောင် စောင့်ထိန်းကြလျက် ကုသိုလ်ကောင်းမှုများကို ဆည်းပူးပြုလုပ် အားထုတ်၍ နေထိုင်ကြ ပါသည်။ ထို့ကြောင့် ကုရုတိုင်းတွင် မိုးလေဝသ မှန်ကန်ပြီး ကောက်ပဲသီးနှံများဖြစ်ထွန်း၍ စည်ပင်သာယာဝပြောလျက်ရှိပါသည်။ ထိုအချိန်အခါတွင် ကလိင်္ဂတိုင်း၌ မိုးခေါင်ရေရှားပြီး ကောက်ပဲသီးနှံများ ပျက်စီးခြင်း၊ အစာရေစာငတ်မွတ် ခေါင်းပါးခြင်း၊ ရောဂါထူပြောခြင်းဟူသော ကပ်ဘေးကြီးများ ဆိုက်ရောက်လျက်ရှိပါသည်။

ကုရုတိုင်းတွင် မိုးလေဝသမှန်ကန်၍ ကောက်ပဲသီးနှံများ ဖြစ်ထွန်းကာ သာယာဝပြောသည့် အကြောင်းရင်းကို ကလိင်္ဂတိုင်းပြည် ဘုရင်နှင့် မှူးမတ်ပြည်သူများ လေ့လာစူးစမ်းသည့်အခါ ကုရုတိုင်းပြည့်ရှင်ဘုရင်နှင့်တကွ တိုင်းသူပြည်သားများသည် **“ဂရုဓမ္မသီလ”** ကို စောင့်ထိန်းကြသဖြင့် မိုးလေဝသမှန်ကန်ပြီး ကောက်ပဲသီးနှံများဖြစ်ထွန်းကာ သာယာဝပြောကြောင်း သိရှိရသဖြင့် **“ဂရုဓမ္မသီလ”**ကို ရွှေပေလွှာပေါ်တွင် ရေးကူးခွင့်ပြုရန် လျှောက်ထား၍ **“ဂရုဓမ္မသီလ”**ကို ကူးယူကြပါသည်။ ထို့နောက် ယင်း**“ဂရုဓမ္မသီလ”**ကို မင်းနှင့်တကွသော တိုင်းသူပြည်သားအားလုံး လိုက်နာစောင့်ထိန်းကြသဖြင့် ကလိင်္ဂတိုင်းပြည်ကြီးတွင် မိုးလေဝသမှန်ကန်၍ ကောက်ပဲသီးနှံများ ဖြစ်ထွန်းကာ သာယာဝပြောလာပါသည်။ ဤကဲ့သို့ ကုရုဓမ္မဇာတ်တော်လာ **“ဂရုဓမ္မသီလ”**ကို ဘုရင်နှင့်တကွ တစ်တိုင်းတစ်ပြည်လုံး အလေးဂရုထား၍ ကျင့်သုံးမှုသည် မိုးတွင်းကာလဖြစ်ပြီး အထူးသဖြင့် မိုးလယ်ကာလလောက်၌ ဖြစ်ဖွယ်ရှိသောကြောင့် မိုးဥတု၏အလယ် မိုးလယ်ကာလဖြစ်သည့် တော်သလင်းလပြည့်နေ့ကို **“ဂရုဓမ္မအခါတော်နေ့”**ဟူ၍ သတ်မှတ်ခဲ့ကြခြင်းဖြစ်ပါသည်။

**“ဂရုဓမ္မ”**ဟူသည် အလေးပြုအပ်သောတရား၊ ရိုသေလေးစားစွာ ဝန်ခံလိုက်နာ ပြုကျင့်အပ်သောတရား ဖြစ်ပါသည်။ **“ဂရုဓမ္မသီလ”** ဟူသည်ကား သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပိုင်ရှင်မပေးအပ်သော သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမဂုဏ်တို့၌ မှားမှားယွင်းယွင်း ပြုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန်သော မုသားစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ သေရည်အရက် မူးယစ်ဆေးဝါးသောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော **“ငါးပါးသီလ”**ပင် ဖြစ်သည်။ ထိုငါးပါးသီလသည် အလေးပြုအပ်သောတရား၊ အခြေခံကိုယ်ကျင့်တရားဖြစ်သောကြောင့် **“ဂရုဓမ္မ”** မည်ပါသည်။

ထိုငါးပါးသီလကိုပင် လူတိုင်းလိုက်နာကျင့်သုံးရမည့် ဓမ္မတာတရားဖြစ်သောကြောင့် **“ဓမ္မတာသီလ”** ဟူ၍ လည်းကောင်း၊ သူတော်ကောင်းတို့ အလေးဂရုထား၍ ကျင့်သုံးအပ်သောကြောင့် **“ဂရုဓမ္မသီလ”** ဟူ၍ လည်းကောင်း၊ လူပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့်တရား ဖြစ်သောကြောင့် **“ဂဟဋ္ဌသီလ”**ဟူ၍လည်းကောင်း၊ လူတို့အမြဲမပြတ် စောင့်ထိန်းအပ်သောကြောင့် **“နိစ္စသီလ”**ဟူ၍လည်းကောင်း၊ အရိယာပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးအပ်သောကြောင့် **“အရိယကန္တသီလ”** ဟူ၍ လည်းကောင်း၊ ကျင့်သုံးအပ်၊ ကျင့်သုံးသင့်၊ ကျင့်သုံးထိုက်သောကြောင့် **“သိက္ခာပဒသီလ”** ဟူ၍ လည်းကောင်း ခေါ်ဆိုရပါသည်။

သီလဟူသည် ကာယကံ၊ ဝစီကံတို့ကို သိမ်းသိမ်းဆည်းဆည်း ကောင်းစွာသိုထားခြင်းဖြင့် ဖရိုဖရဲ မကြဲခြင်းသည်လည်းကောင်း၊ စေတနာသည်လည်းကောင်း၊ ပိတ်ဆို့စောင့်ရှောက်ခြင်း သံဝရတရားသည်လည်းကောင်း၊ မလွန်ကျူးခြင်းသည်လည်း သီလမည်၏ ဟူ၍ ပဋိသမ္ဘိဒါမဂ်၌ ဆိုသည်။ အပြစ်မရှိ ကောင်းသောသီလ အကျင့်တို့သည် စိတ်နှလုံးသာယာချမ်းမြေ့ခြင်းအကျိုး၊ စိတ်နှလုံးချမ်းသာအေးမြခြင်း အာနိသင်ရှိသည့်အပြင် လောက၌ သီလရှိသော သူ၏ သီလနှင့်ပြည့်စုံခြင်းအကျိုးတို့သည် ငါးပါးရှိကြောင်း မြတ်ဗုဒ္ဓဟောကြားထားသည်။ ၎င်းတို့မှာ–

- **လောက၌သီလရှိသော၊ သီလနှင့်ပြည့်စုံသောသူသည် မမေ့မလျော့ မပေါ့မတန်ခြင်းတည်းဟူသော အကြောင်းကြောင့် ကြီးစွာသော စည်းစိမ်ချမ်းသာကိုရ၏။**
- **သီလရှိသော၊ သီလနှင့်ပြည့်စုံသောသူ၏ ကောင်းသောကျော်စောသတင်းသည် ပျံ့နှံ့၍တက်၏။**
- **သီလရှိသော၊ သီလနှင့်ပြည့်စုံသောသူသည် မင်းပရိသတ်တို့လည်းကောင်း၊ သူကြွယ်ပရိသတ်တို့ လည်းကောင်း၊ ရဟန်းပရိသတ်တို့လည်းကောင်း ချဉ်းကပ်အံ့၊ ရဲရဲရင့်ရင့် ကြောက်ရွံ့ခြင်း ကင်းရှင်းစွာ ကျက်သရေမင်္ဂလာရှိသော၊ ရွှင်လန်းသောမျက်နှာဖြင့် ချဉ်းကပ်ရ၏။**
- **သီလရှိသော၊ သီလနှင့်ပြည့်စုံသောသူသည် မတွေမဝေ ကြည်ကြည်လင်လင်ဖြင့် မိမိပြုလုပ် ဆည်းပူးခဲ့သော ကောင်းမှုကုသိုလ်တို့ကို ထင်မြင်၍ သေရ၏။**
- **သီလရှိသော သီလနှင့်ပြည့်စုံသောသူသည် ကိုယ်ခန္ဓာပျက်၍ သေသည်မှနောက်၌ ကောင်းမှုပြုသူတို့ လားရာဖြစ်သော နတ်ပြည် လောကသို့ မချွတ်ရောက်ရ၏။**

ဟူ၍ဖြစ်ပါသည်။

လောကတွင် သတ္တဝါတို့၏ ရာဂ အစရှိသော အညစ်အကြေးတို့ကို သီလဟူသော ရေသည်သာလျှင် စင်ကြယ်သန့်ရှင်းအောင် သုတ်သင်ဆေးလျှော်နိုင်ပါသည်။ ထို့အပြင် ကောင်းစွာစောင့်ထိန်းအပ်သော ဖြူစင်လှစွာသော၊ အေးမြလှသော သီလသည်သာလျှင် ဤလောက၌ သတ္တဝါတို့၏ ရာဂ အစရှိသော အပူအလောင်ကို အေးငြိမ်းစေနိုင်ပါသည်။

သီလသည် အခါခပ်သိမ်း သီလရှိသောသူတို့၏ မိမိကိုယ်ကို မိမိစွပ်စွဲခြင်း၊ သူတစ်ပါးတို့ ကဲ့ရဲ့စွပ်စွဲခြင်း စသောဘေးကို အခြင်းခပ်သိမ်း ပယ်ဖျက်တတ်၏။ သီလနှင့်ပြည့်စုံသောသူတို့သည် ကျော်စောကိတ္တိရှိခြင်းကိုလည်းကောင်း၊ ရွှင်လန်းဝမ်းမြောက်ခြင်းကိုလည်းကောင်း ဖြစ်စေတတ်၏။

မြတ်ဗုဒ္ဓသည် လောကသားအပေါင်းတို့အား သီလ၊သမာဓိ၊ ပညာ သိက္ခာသုံးပါး အကျင့်များကိုအဓိကထား၍ ဟောကြားထားရာ၌ သီလကျင့်စဉ်တရားသည် အခြေခံအကျဆုံးဖြစ်၏။ သီလကျင့်စဉ်ကို အခြေခံပြီး သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်များကို အစဉ်အတိုင်း ဆောင်ရွက်ရခြင်းဖြစ်၏။ ထို့ကြောင့် သီလကျင့်စဉ်ကို အဓိက အလေးထားရမည်ဖြစ်၏။ သီလမှာလည်း ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလများဖြစ်၏။ အဓိကအားဖြင့် လောကီလူသားတို့အတွက် ငါးပါးသီလသည် ပဓာနအကျဆုံးဖြစ်၏။ လူတို့ အမြဲအလေးထားရမည့် နိစ္စဂရုဓမ္မတရားဖြစ်၏။

ဤတွင် သီလတရားနှင့်ပတ်သက်၍ သိဖို့၊ ကျင့်ဖို့ကို မဆိုထားဘိ ကြားရုံမျှ မကြားဖူးသော အဖြစ်မျိုးသည် ရှိခဲ့၏။ သာဓကအားဖြင့်– ကုန်သည်ယောင်ဆောင်လာသော သိကြားမင်းသည် လူ့ပြည်သို့ ဆင်းလာ၏။ လူတို့အား ရွှေသခွားသီးဝယ်ရန် ပြောသောအခါ ဝယ်လိုသူများက **“ငွေမည်မျှပေးရမည်နည်း”** ဟု မေး၏။ သိကြားမင်းက **“ငွေဖြင့် ဝယ်သူအား မပေး၊ သီလရှိသူအားသာ ပေးမည်”** ဟုဆို၏။ ထိုအခါ ဝယ်သူများက **“သီလမည်သည် မည်းမည်းအဆင်းလား၊ ညိုညို အဆင်းလား”**ဟု မေးမြန်း၏။ **“သင်တို့သည် သီလသဘောကိုမျှပင် မသိကြ”** ဟု သိကြားမင်းက ပြန်ကြား၏ဟူ၍ ဓမ္မပဒ၊ မာဃလုလင်ဝတ္ထု၌ပြဆို၏။ ထို့ကြောင့် သီလကိုမျှ မသိသေးသူများလည်း လူ့လောက၌ ရှိတတ်၏ဟု ဆိုရမည်ဖြစ်၏။ သတိပြုကြရာ၏။

လူ့လောက၌ သီလကျင့်စဉ်ဖြစ်သော ငါးပါးသီလသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ ပုဂ္ဂိုလ်မရွေး၊ နေရာမရွေး လိုက်နာကျင့်ကြံအားထုတ်ရမည့်တရားဖြစ်၏။ အကြောင်းမူ ပုဂ္ဂိုလ်အားဖြင့် လည်းကောင်း၊ ဘာသာ အားဖြင့်လည်းကောင်း၊ နေရာဒေသအားဖြင့်လည်းကောင်း မှားယွင်းသွားစေမှု၊ ကိုယ်ကျိုးစီးပွားထိခိုက်သွားစေမှု၊ ဂုဏ်သိက္ခာနိမ့်ကျသွားစေမှု၊ ဆန့်ကျင်ဘက်ဖြစ်သွားစေမှုများသည် တစ်စုံတစ်ရာမျှမရှိသောကြောင့်ဖြစ်၏။ ငါးပါးသီလလုံခြုံအောင် စောင့်ထိန်းသူသည် ဘေးရန်ငြိမ်းအေးသူ၊ သီလဝန္တပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ငါးပါးသီလ လုံခြုံအောင် စောင့်ထိန်းသူသည် မျက်မှောက်ဘေးရန်၊ တမလွန်ဘေးရန်၊ စိတ်ဆင်းရဲမှု၊ နှလုံးမသာမယာမှု ဘေးရန်တို့မှ ကင်းဝေး၍ သေသည်မှနောက်၌ သုဂတိဘဝသို့လားရောက် ရခြင်းဟူသော အကျိုးတရားတို့ကို သိရှိခံစားရမည်ဖြစ်ပါသည်။ သို့ပါ၍ ပစ္စုပ္ပန်၊ တမလွန်နှစ်တန်သော လောက၌ အကျိုးတရား များစွာကိုပေးစွမ်း နိုင်သည့် **“ဂရုဓမ္မသီလ”** ဟုခေါ်ဆိုအပ်သော **“ငါးပါးသီလ”**ကို ပွားများအားထုတ်နိုင်ကြပါစေကြောင်း ကောင်းမြတ်သောဆန္ဒဖြင့် တင်ပြအပ်ပါသည်။ ။

> “ဂရုဓမ္မသီလ”ဟူသည်ကား သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပိုင်ရှင်မပေးအပ်သော သူတစ်ပါး၏ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမဂုဏ်တို့၌ မှားမှားယွင်းယွင်း ပြုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန်သော မုသားစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ သေရည်အရက် မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော “ငါးပါးသီလ”ပင် ဖြစ်သည်။



**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၃၄) စံပြရပ်ကွက် ကျွန်းရွှေဝါစာကြည့်တိုက်တွင် စက်တင်ဘာ ၁၅ရက်ကကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြေး နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (မြို့နယ်ပြန်/ဆက်)

## ထောက်ကြန့်ပုပ္ပားကျောင်း တရားစခန်းပွဲ

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ပုပ္ပားကျောင်း နာယက ဘဒ္ဒန္တ ပဏ္ဍိစ္စကြီးမှူး၍ (၅၃)ကြိမ်မြောက် တရားစခန်းပွဲကို စက်တင်ဘာ ၁၉ရက်မှ ၂၉ရက်အထိကျင်းပမည်ဖြစ်ရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက တရားတော်ဟောကြားတော်မူမည်ဖြစ်သည်။ စက်တင်ဘာ ၂၀ရက်၌ စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ပဌာန်းကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလာဘိဝံသ၊ စက်တင်ဘာ ၂၁ရက်ည၌ မွန်ပြည်နယ် သထုံမြို့ လယ်ဝန်းစံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒ၊ စက်တင်ဘာ ၂၂ရက်ည၌ သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓဇ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသ ကလေးဝတောရကျောင်း စာသင်တိုက် နာဂလိုဏ်ဂူ ဆရာတော်၊ စက်တင်ဘာ ၂၃ရက်ည၌ မော်ဘီချမ်းမြေ့မြိုင်ရိပ်သာ ဘဒ္ဒန္တ ဣန္ဒက၊ စက်တင်ဘာ ၂၄ရက်ည၌ မြိတ်မြို့ ဗိုလ်တောင် ပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တ သုဒဿနာဘိဝံသ ဆရာတော်များက တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်မည့်ယောဂီများ စက်တင်ဘာ ၁၉ရက် မွန်းတည့် ၁၂နာရီ အရောက်လာရောက်ကြရန်နှင့် တရားအားထုတ်ကြသော ရဟန်းများ၊ ယောဂီများအား (အသက်လွတ်) အရဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်း လိုသောအလှူရှင်များ ဖုန်း–၆၀၀၀၂၈နှင့် ၆၀၀၃၀၂တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။ (က–ပ)




**ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ၈၂–ရပ်ကွက် ဇမ္ဗူအေး ကျောင်းတိုက်ဝင်းအတွင်းရှိ သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီး ဆောက်လုပ်ရေးအတွက် ဦးချိုအေး–ဒေါ်ညွန့်ညွန့်တင် (ACA) မိသားစုက အလှူတော်ငွေ ကျပ်ငါးသိန်းကို စက်တင်ဘာ ၄ ရက်က လှူဒါန်းရာ သိမ်တော်ကြီး တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့် လက်ခံယူစဉ်။**

(က–ပ)

# ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အထက(၂) ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

**ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်ရှိ အဆိုပါကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။**

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းတို့က ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဗဟိုအလုပ်အမှုဆောင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဧည့်သည်တော်များသည် ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ၌ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများက ခေတ်မီသင်ကြားရေး အထောက်အကူပြုပစ္စည်း ကိရိယာများ အသုံးပြု၍ ပညာသင်ယူနေမှုများကို လည်းကောင်း၊ ပန်းချီအနုပညာခန်း၊ အိမ်တွင်းမှုနှင့် လက်တွေ့ခန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် ဒလမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်က ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ကျောင်းအတွက် ကွန်ပျူတာ ပရင်တာ တစ်စုံနှင့် ဒလမြို့နယ် ပြည်သူ့ဆေးရုံအတွက် အလှူငွေကျပ်လေးသိန်းကို လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက လှူဒါန်းသည့် ငွေကျပ်ခြောက်သိန်းကို ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက လည်းကောင်း ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံသည်။

ဆက်လက်၍ ဦးအေးထွန်း မိသားစုက ငွေကျပ် ၁၅သိန်း၊ ဒလမြို့နယ် အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ်ကိုးသိန်း၊ လက်ဖက်ရည်ဆိုင်လုပ်ငန်းရှင်များက ငွေကျပ်ရှစ်သိန်း၊ ရေယာဉ်လုပ်ငန်းရှင်များက ငွေကျပ် ၅၉၀၀၀၀၊ စီးပွားရေးလုပ်ငန်းရှင်များက ငွေကျပ် ၃၉၅၀၀၀၊ ဒလမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများက ငွေကျပ် ၃၇၅၀၀၀၊ ကျောင်းသံပန်းတံခါးအလှူရှင် ဆရာ၊ ဆရာမများက ငွေကျပ်နှစ်သိန်း၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်က ငွေကျပ် ၁၅၀၀၀၀၊ အိန္ဒိယမိသားစုက ကျောင်းအတွက် ဗလာစာအုပ်ဒါဇင် ၁၅၀ နှင့် မြို့နယ် ပြည်သူ့ဆေးရုံအတွက် ငွေကျပ် တစ်သိန်း၊ ဝပ်ရှော့လုပ်ငန်းရှင်များက ငွေကျပ်တစ်သိန်းအပါအဝင် စုစုပေါင်း အလှူငွေကျပ် ၆၄သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)



**ရန်ကုန် တောင်ပိုင်းခရိုင် ဒလမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ခေတ်မီသင်ကြားရေးအထောက်အကူပြုပစ္စည်း ကိရိယာများအသုံးပြု၍ ပညာသင်ယူနေမှုကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်သည်တော်များ ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၁၇-၉-၂၀၀၅ (စနေနေ့)

### ၁၃၆၇ခုနှစ်၊ တော်သလင်းလပြည့် (ဥပုသ်နေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇း၁၅ | ၂။ | **တိပိဋကရေမွေဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်** |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်) မွန်ပြည်နယ် သထုံမြို့နယ် လယ်ဝန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တ သီရိန္ဒ ဟောကြားတော်မူအပ်သော "ဂရုဓမ္မအခါတော်နေ့ တရားတော်"** |
| ၈း၂၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၃၀ | ၆။ | International News. |
| ၈း၄၅ | ၇။ | Islands of Dhamma. |
| ၈း၅၀ | ၈။ | **ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊မဟာဝိဇိတာရုံကျောင်းတိုက် ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း** |
| ၉း၀၀ | ၉။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | ၃။ | ပြည်တွင်းသတင်း |
| ၁၁း၄၀ | ၄။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၀၅ | ၅။ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၂း၃၀ | ၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ဇာရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း-၃၈)** |
| ၁း၁၅။ | ၇။ | ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ |
| ၁း၂၀ | ၈။ | **"တစ်ပါးသီလ" (ဇော်လင်း၊ ခင်စိုးပိုင်) (ဒါရိုက်တာ-မောင်နှင်းမိုး)** |
| ၂း၁၅ | ၉။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၂း၃၀ | ၁၀။ | **"အားဆေး" (မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း) (ဒါရိုက်တာ-စောစန္ဒာလှိုင်)** |
| ၂း၃၅ | ၁၁။ | (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ကာယဗလ) |
| ၂း၄၅ | ၁၂။ | International News. |
| ၃း၀၀ | ၁၃။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၃၀ | ၃။ | အမှတ်(၃)အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မာစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု)အထက(၁)သန်လျင် (အမျိုးသားဝတ်ရွတ်အဖွဲ့) |
| ၄း၄၅ | ၄။ | အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ) |
| ၅း၀၀ | ၅။ | နားဝင်ပီယံသူ့လက်သံ |
| ၅း၁၀ | ၆။ | ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား/အမျိုးသမီး) |
| ၅း၂၀ | ၇။ | မြန်မာစာ၊မြန်မာစကား |
| ၅း၃၀ | ၈။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၆း၀၀ | ၉။ | **စစ်ကိုင်းတောင်ရိုး မညီုးသည့်သာသနာ(အပိုင်း-၂)** |
| ၆း၁၅ | ၁၀။ | **မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) (ဗုဒ္ဓပါဝစနာ) (ဣန္ဒာဆွေ ရေးဖွဲ့ပူဇော်၍ မောင်မောင်ကြီး သီဆိုပူဇော်သည်)** |
| ၆း၃၀ | ၁၁။ | ညနေခင်းသတင်း |
| ၇း၀၀ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၇း၀၅ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "စိမ်းလဲ့မေတ္တာကန်သာယာ" (အပိုင်း-၇)** |
| ၇း၄၅ | ၁၄။ | ဘက်စုံဖွံ့ဖြိုးတိုးတက် နတ်ကြီးချောင်းကျေးလက် |
| ၈း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ထာဝရချစ်သူ" (အပိုင်း-၈)** |
| | ၁၉။ | **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်** |
| | ၂၀။ | နောက်တစ်နေ့ အစီအစဉ် |
| | ၂၁။ | အစီအစဉ်ပြီး၏။ |

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အမျိုးသမီးများအား အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများအား အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနရှိ သီတာခန်းမ၌ ကျင်းပသည်။

### ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်အေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

### ဟောပြော

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီး ဒုတိယခေါင်းဆောင် တွဲဖက်တိုင်းတရားသူကြီး ဒေါ်သိန်းသိန်းညွန့်က **"မြန်မာ့နယ်မြေ ဒို့အမွေ"** ခေါင်းစဉ်ဖြင့် အကျယ်တဝင့် ဟောပြောသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဝန်ကြီး၏ ဇနီး ဒေါ်ခင်အေးက အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးထံ ပေးအပ်သည်။ (သတင်းစဉ်)



**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဝန်ကြီး၏ဇနီး ဒေါ်ခင်အေးက စည်းရုံးရေးဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးထံ ပေးအပ်စဉ်။** (သတင်းစဉ်)

# အေးချမ်း တည်ငြိမ် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများမှသည် စ

ပြည်ထောင်စုမြန်မာနိုင်ငံတော် မပြိုကွဲစေရန်၊ တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်မှုမပြိုကွဲစေရန်၊ မြန်မာနိုင်ငံ သူတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝ ပြန်မရောက်စေရန် တပ်မတော်က ပြည်သူ့ရှေ့မှ မားမားရပ်ပြီး ကာကွယ်စောင့်ရှောက်ခဲ့ရသည်မှာ ၂၀၀၅ခု စက်တင်ဘာလ ၁၈ ရက်နေ့တွင် (၁၇)နှစ်တင်းတင်း ပြည့်တော့မည် ဖြစ်သည်။

တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာယူခဲ့ရသည့် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှာပင် တပ်မတော်က နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းကာ ကြေညာချက်အမှတ်(၁/၈၈)ကို ထုတ်ပြန်ကြေညာလိုက်သည်။ ယင်းကြေညာချက်တွင် နိုင်ငံတော်တစ်ဝန်းလုံးတွင် အဘက်ဘက်မှ ယိုယွင်းနေသော အခြေအနေကို အချိန်မီထိန်းသိမ်းနိုင်ရန်အတွက် ပြည်သူပြည်သားအားလုံးအကျိုးငှာ တပ်မတော်သည် အောက်ပါ လက်ငင်း




**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် ဖြစ်ထွန်းလာသည့် မြန်မာနိုင်ငံ၌ အရှည်ဆုံးနှင့် အကြီးဆုံးတံတားကြီးဖြစ်သော သံလွင်တံတား(မော်လမြိုင်)ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။**

တာဝန်များကို ထမ်းဆောင်ရန် ယနေ့မှစ၍ နိုင်ငံတော် အာဏာအရပ်ရပ်ကို လုံးဝတာဝန်ယူလိုက်ကြောင်း ပါရှိသည်–

ယင်းတာဝန်ရပ်များတွင် (က) တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး (ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး (ဂ) ပြည်သူများ၏ စားဝတ်နေရေး ချောင်လည်စေရန် ဤအဖွဲ့မှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိက/သမဝါယမတို့ ဆောင်ရွက်နိုင်အောင်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရေးတို့ ပါဝင်ပေသည်။ ယင်းလုပ်ငန်းရပ်များ ပြီးပြည့်စုံလျှင် ဒီမိုကရေစီ အကောင်အထည်ဖော်ဆောင်ပေးမည် ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ထိုစဉ်က လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ကာ ကုန်စည်စီးဆင်းမှုလည်း ချောချောမွေ့မွေ့မရှိပေ။ မင်းမဲ့စရိုက်နှင့် ဥပဒေချိုးဖောက်မှု လွန်ကဲနေချိန်ဖြစ်၍ ရပ်ရွာအေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ကြိုးစား၍ ပြန်လည်ရယူခဲ့ရသည်။ တရားဥပဒေဟူသည် နိုင်ငံတိုင်းတွင် မိမိတို့နိုင်ငံ တည်ငြိမ်ရေး၊ လုံခြုံအေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြဋ္ဌာန်းထားကြသည်။ နိုင်ငံတိုင်းမှ တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူများက ဥပဒေချိုးဖောက်လျှင် အရေးယူလျက်ရှိကြသည်။ မြန်မာနိုင်ငံတွင် ဆူပူသောင်းကျန်းခြင်း၊ တရားဥပဒေချိုးဖောက်ခြင်း၊ မင်းမဲ့လုပ်ရပ်များ လုပ်ကိုင်ခြင်းတို့ကို ဒီမိုကရေစီလှုပ်ရှားမှု၊ လူ့အခွင့်အရေး ကြိုးပမ်းမှုဟူ၍လည်းကောင်း၊ ကိုယ့်နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ပြားစေကာ နိုင်ငံအစိတ်အပိုင်းများမှ ခွဲထွက်ရန် အဖျက်လုပ်ရပ်လုပ်လာမှုများကိုလည်း လွတ်လပ်ရေး၊ တိုင်းရင်းသားကောင်းစားရေးဟူ၍လည်းကောင်း ပြောင်းပြန်သညာပေး ခံထားရသူအချို့သည် ၁၉၈၈ခုနှစ်မှစပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူ မျက်နှာမထောက်ဘဲ ထင်ရာစိုင်းလာကြသည်။

တရားဥပဒေ စိုးမိုးမှုရရှိအောင် လုပ်ဆောင်ရန် တာဝန်ရှိသည့် နိုင်ငံတော်အစိုးရသည် မင်းမဲ့စရိုက်ကို ရှင်းလင်းဖယ်ထုတ်ရသည်။ ဥပဒေ ချိုးဖောက်မှုများကို အရေးယူ ဟန့်တားရသည်။ ဥပဒေချိုးဖောက်ပြီး ရမ်းကားသူတစ်စုအား ဟန့်တားခြင်းဖြင့် အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုကြီးတစ်ရပ်လုံး အကျိုးရှိပေသည်။

တစ်ချိန်တည်းမှာပင် မသွားရဲ၊ မလာရဲ၊ ကုန်ပစ္စည်းရိက္ခာ မသယ်ယူရဲလောက်အောင် လမ်းပန်းဆက်သွယ်မှု ပျက်ပြားနေရသည့် အခြေအနေကို တပ်မတော်နှင့်ပြည်သူလူထု ပူးပေါင်းဖယ်ရှားပြုပြင်ကာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေခဲ့သည်။

ပြည်သူလူထု ချောင်ချောင်လည်လည် စားသောက်နေထိုင်နိုင်စေရန် နိုင်ငံတော်က လိုအပ်သမျှ ဖြည့်ဆည်းခဲ့သည်။ ပုဂ္ဂလိကကဏ္ဍ၊ သမဝါယမကဏ္ဍများမှလည်း ပါဝင်ဖြည့်ဆည်းစေခဲ့သည်။ လွတ်လပ်ရေးရပြီးစမှ ဆယ်စုနှစ်ပေါင်းများစွာ အမြစ်တွယ်ဒုက္ခပေးနေခဲ့သော ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုချုပ်ငြိမ်းအောင် ကြိုးပမ်းနိုင်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ ဥပဒေဘောင်၊ ငြိမ်းချမ်းရေးနယ်အတွင်း ဝင်ရောက်လာခဲ့သည်။ အခြားလက်နက်ကိုင် အဖွဲ့ခွဲ၊ အဖွဲ့ကွဲ၊ အဖွဲ့ငယ်များစွာလည်း ဝင်ရောက်လာသည်။ ထို့ကြောင့် ပြည်ထောင်စုအတွင်း ငြိမ်းချမ်းလုံခြုံလာခဲ့သည်။ ဤသည်မှာ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေပြီး နိုင်ငံစီးပွား ပိုမိုတိုးတက်စေရေး အခြေခံပင်ဖြစ်သည်။

သောင်းကျန်းမှုချုပ်ငြိမ်းကာ ပြည်တွင်းငြိမ်းချမ်းလာခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အားဖြည့်တိုးတက် ခိုင်မာကြံ့ခိုင်လာ

စေခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွ
လုံး၌ ရရှိလာသော ငြိမ်းချမ်းသည့်
နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးအဟုန်

မြန်မာနိုင်ငံ၏ ပကတိအခြေအ
လိုက်လျောညီထွေရှိစေပြီး ကမ္ဘာနှင့်
ဈေးကွက်စီးပွားရေးစနစ် ချမှတ်
ပြည်သူနှင့်လက်တွဲပြီး နိုင်ငံစီးပွားရေး
အဆောက်အအုံများ ဆက်တိုက် တည်
ယူခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အ
ဖွံ့ဖြိုးရေးမှသည် ပြည်ထောင်စုကြီး
ပါဝင်လာကြသည်။ နိုင်ငံတော်စီးပွား
လာလျက်ရှိသည်ကိုလည်း ပြည်
တိုင်းရင်းသားအားလုံး ကိုယ်တွေ့မျ

လွတ်လပ်ရေးဆုံးရှုံးရသည့် ၁၈
ရရှိသည့် ၁၉၄၈ခုနှစ်အတွင်း နယ်ချဲ့
သွေးခွဲခဲ့သည်။ သွေးကွဲလျှင် ကျွန်
မြန်မာနိုင်ငံကို အရှည်ဖိနှိပ်ချုပ်ချယ်
နိုင်ကြမည်။ နယ်ချဲ့က သူ့အကြံဆိုးဖြ
အရေးကြီးလျှင် သွေးနီးကာ နယ်ချဲ့
ပြန်လည်ရယူနိုင်ခဲ့သည်။ စည်းလုံးမှု
ပြိုကွဲမခံနိုင်၊ အချုပ်အခြာအာဏာ လ
သုံးရပ်သည် မြန်မာတို့၏ ဦးတည်ချက်
ရေးတာဝန်သုံးရပ် ဖြစ်လာရသည်။ (
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြို
တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသား
ဒို့တာဝန်အရေးသုံးပါးအဖြစ် ဦးထိပ်

မြန်မာနိုင်ငံသည် ရေမြေသယံဇ
ပြည်တွင်းစစ်၊ ပြည်ပစစ်၊ ဂိုဏ်းဂဏစစ်၊
တစ်ဝက်ခန့် မဖွံ့ဖြိုးမတိုးတက်နိုင်ဘဲ
ကြရသည်။ ထို့ကြောင့် ဒို့တာဝန် အ
ကာကွယ်ရင်း နိုင်ငံရေးဦးတည်ချက်
လေးရပ်၊ လူမှုရေးဦးတည်ချက်လေး
ဖွံ့ဖြိုးရေးကို လက်တွဲညီညီ ဆောင်ရွ

ဤသို့ဦးတည်ချက်များကို အ
အရေးသုံးပါးကို အလေးထား ထမ်းဆော
လေးရပ်နှင့် ကိုက်ညီစွာ ဆောင်ရွက်
ပြည်သူတို့၏ လူထုအစည်းအဝေးကြီး

**မြန်မာတို့ ခံယူထားသည်ကား ဤနိုင်ငံမြေသည် မြန်မာတို့၏မြေ။ မိမိနိုင်ငံပိုင်နက်ကို မိမိတို့ မြန်မာများသာ ပိုင်ရမည်။ မိမိတို့နိုင်ငံမြေမှ သဘာဝ သယံဇာတ အရင်းအမြစ်များကို မြန်မာတို့သာ ထုတ်ယူခံစားရမည်။ ဤမြေနှင့် ဤမြေပေါ်မှ ဤလူမျိုးတို့အားလုံး လွတ်လပ်သော နိုင်ငံသားများသာ ဖြစ်ရမည်။ မိမိတို့နိုင်ငံ ကောင်းကျိုးဖော်ဆောင်ရာ၌ မိမိရေမြေ သဘာဝ၊လူမျိုးစရိုက်၊ ယဉ်ကျေးမှုအစဉ်အလာ၊ ပြည်သူအားလုံး၏ သဘောဆန္ဒနှင့်အညီ ဖြစ်ရမည်။ ဤသည်ပင် မြန်မာတို့၏လွတ်လပ်မှု၊ မြန်မာတို့၏ ဒီမိုကရေစီ၊ မြန်မာတို့၏ လူ့အခွင့်အရေး ပိုင်ဆိုင်ခွင့်သာဖြစ်သည်ဟု မြန်မာတို့ အသည်းစွဲ ခံယူထားကြသည်။**



# ...များမှသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဆီသို့

တက္ကသိုလ် မြတ်သူ

င်နိုင်
ဏ္ဍ၊
်လပ်
သော
်းနိုင်
ာင်၊
်နက်
ည်။
ည်မှာ
တက်
းဖြင့်
င်လာ



စေခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအား၊ ပြည်ထောင်စုတစ်ဝန်းလုံး၌ ရရှိလာသော ငြိမ်းချမ်းသည့် ပတ်ဝန်းကျင်တို့ကြောင့်လည်း နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးအဟုန်ကို မြှင့်တင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ ပကတိအခြေအနေ၊ သမိုင်းအတွေ့အကြုံတို့နှင့် လိုက်လျောညီထွေရှိစေပြီး ကမ္ဘာနှင့်လည်း ရင်ပေါင်တန်းနိုင်စေမည့် ဈေးကွက်စီးပွားရေးစနစ် ချမှတ်ကျင့်သုံးခဲ့သည်။ နိုင်ငံတော်က ပြည်သူနှင့်လက်တွဲပြီး နိုင်ငံစီးပွားရေးတိုးတက်မှုကို ရရှိစေမည့် အခြေခံအဆောက်အအုံများ ဆက်တိုက် တည်ဆောက်ပေးသည်။ ငြိမ်းချမ်းရေးယူခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများကလည်း မိမိတို့ဒေသဖွံ့ဖြိုးရေးမှသည် ပြည်ထောင်စုကြီး ဖွံ့ဖြိုးရေးအထိ အားသွန်ခွန်စိုက်ပါဝင်လာကြသည်။ နိုင်ငံတော်စီးပွားရေးသည် နှစ်စဉ်မှန်မှန် တိုးတက်လာလျက်ရှိသည်ကိုလည်း ပြည်ထောင်စုဖွား သွေးချင်းသားရင်းတိုင်းရင်းသားအားလုံး ကိုယ်တွေ့မျက်မြင်ပင်ဖြစ်ပေသည်။

လွတ်လပ်ရေးဆုံးရှုံးရသည့် ၁၈၈၅ခုနှစ်မှ လွတ်လပ်ရေးပြန်လည်ရရှိသည့် ၁၉၄၈ခုနှစ်အတွင်း နယ်ချဲ့တို့က မြန်မာတို့ကို နည်းမျိုးစုံဖြင့် သွေးခွဲခဲ့သည်။ သွေးကွဲလျှင် ကျွန်သက် ရှည်ကြမည်။ နယ်ချဲ့တို့ မြန်မာနိုင်ငံကို အရှည်ဖိနှိပ်ချုပ်ချယ် သွေးစုပ်ခြယ်လှယ် အမြတ်ထုတ်နိုင်ကြမည်။ နယ်ချဲ့က သူ့အကြံဆိုးဖြင့် သွေးခွဲသော်လည်း မြန်မာတို့က အရေးကြီးလျှင် သွေးနီးကာ နယ်ချဲ့လက်မှ မြန်မာ့လွတ်လပ်ရေး ပြန်လည်ရယူနိုင်ခဲ့သည်။ စည်းလုံးမှုရလဒ်ကို မမေ့၊ ပြည်ထောင်စုကြီး ပြိုကွဲမခံနိုင်၊ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးမခံနိုင်။ ဤဆန္ဒသုံးရပ်သည် မြန်မာတို့၏ ဦးတည်ချက်သုံးရပ်၊ မြန်မာတို့၏ အမျိုးသားရေးတာဝန်သုံးရပ် ဖြစ်လာရသည်။ (၁) ပြည်ထောင်စုမပြိုကွဲရေး၊ (၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ (၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်သုံးရပ်ကို မြန်မာတို့က ဒို့တာဝန်အရေးသုံးပါးအဖြစ် ဦးထိပ်ပန်ဆင်ကြပေသည်။

မြန်မာနိုင်ငံသည် ရေမြေသယံဇာတ ကောင်းမွန်ပြည့်စုံပါလျက် ပြည်တွင်းစစ်၊ ပြည်ပစစ်၊ ဂိုဏ်းဂဏစစ်၊ ပုဂ္ဂိုလ်စစ်၊ အုပ်စုစစ်တို့ဖြင့် ရာစုနှစ်တစ်ဝက်ခန့် မဖွံ့ဖြိုးမတိုးတက်နိုင်ဘဲ အချင်းချင်း တိုက်ခိုက်နေခဲ့ကြရသည်။ ထို့ကြောင့် ဒို့တာဝန် အရေးသုံးပါးဖြင့် ကိုယ့်နိုင်ငံ ကိုယ်ကာကွယ်ရင်း နိုင်ငံရေးဦးတည်ချက် လေးရပ်၊ စီးပွားရေးဦးတည်ချက်လေးရပ်၊ လူမှုရေးဦးတည်ချက်လေးရပ်တို့ ချမှတ်ကာ နိုင်ငံတော်ဖွံ့ဖြိုးရေးကို လက်တွဲညီညီ ဆောင်ရွက်လာခဲ့ကြခြင်းဖြစ်သည်။

ဤသို့ဦးတည်ချက်များကို အကောင်အထည်ဖော်၊ ဒို့တာဝန်အရေးသုံးပါးကို အလေးထား ထမ်းဆောင်ကြရာ၌ ပြည်သူ့သဘောထားလေးရပ်နှင့် ကိုက်ညီစွာ ဆောင်ရွက်ကြရပေသည်။ တိုင်းရင်းသားပြည်သူတို့၏ လူထုအစည်းအဝေးကြီးများတွင် ဖော်ထုတ်ပြသခဲ့ကြသော



ပြည်သူလူထုကြီး၏ သဘောထားဆန္ဒများကို အနှစ်သာရ ထုတ်ကြည့်သော် အချက်လေးချက် တွေ့ရပေသည်။ ယင်းတို့မှာ–

- ☆ **ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊**
- ☆ **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊**
- ☆ **နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊**
- ☆ **ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။**

ပြည်သူ့သဘောထားများကို အကျဉ်းချုပ်ကြည့်လျှင် ပြည်သူတို့သည် အေးအေးချမ်းချမ်း နေလိုသည်။ ဖွံ့ဖြိုးတိုးတက်လိုသည်။ အေးချမ်းမှု၊ဖွံ့ဖြိုးမှုကို နှောင့်ယှက်သော အဖျက်သမားမှန်သမျှ ပြည်တွင်းမှာဖြစ်စေ၊ ပြည်ပမှာဖြစ်စေ ချေမှုန်းပစ်မည်ဟူ၍ တွေ့ရပေမည်။ ၁၉၉၈ခုနှစ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ပွဲကြီးများတွင်လည်း ပြည်သူတို့က နိုင်ငံတော်တွင် ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှုကို ထိပါးမခံနိုင်၊ နိုင်ငံတော်တွင် ရရှိပြီးဖြစ်သော ဖွံ့ဖြိုးတိုးတက်မှုကို ထိပါးမခံနိုင်၊ နိုင်ငံတော်အစိုးရက ကာကွယ်ပေးပါဟု မေတ္တာရပ်ခံခဲ့ကြသည်။

ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ်၊ ပြည်သူ့သဘောထား လေးရပ်၊ ၂၁ရာစုအကြို ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေ လူထုအစည်းအဝေးကြီးမှ သန္နိဋ္ဌာန် ခြောက်ရပ်တို့သည် တစ်ခုနှင့်တစ်ခု ကွင်းဆက်ပမာ ဆက်စပ်လျက်ရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လက်တွဲဆောင်ရွက် အကောင်အထည်ဖော်ခဲ့သဖြင့် အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ဤသို့ ကြိုးပမ်းကြရာ၌ အခက်အခဲမရှိ၊ အနှောင့်အယှက်ကင်းကင်း ဆောင်ရွက်ကြရသည်မဟုတ်။ အခက်အခဲဟူသမျှ တူညီသော ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ တူညီသော ရည်ရွယ်ချက်၊ ခိုင်မာသော ညီညွတ်မှုစွမ်းအားဖြင့် ကျော်လွှားခဲ့ကြရသည်။ အဖျက်အမှောင့်၊ အနှောင့်အယှက်မျိုးစုံ ပြည်တွင်းကလည်းလာ၏။ ပြည်ပကလည်းလာ၏။ မြေပေါ်ကလည်းလာ၏။ မြေအောက်ကလည်း လာ၏။ လက်ဝဲကလည်းလာ၏။ လက်ယာကလည်းလာ၏။ အဖျက်လုပ်ရပ်များ ဘက်ပေါင်းစုံမှလာ၏။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် အဖျက်အမှောင့်တို့ကို နင်းခြေ ကျော်တက်ခဲ့ရပေသည်။

မြန်မာတို့ခံယူထားသည်ကား ဤနိုင်ငံမြေသည် မြန်မာတို့၏မြေ။ မိမိနိုင်ငံပိုင်နက်ကို မိမိတို့မြန်မာများသာ ပိုင်ရမည်။ မိမိတို့နိုင်ငံမြေမှ သဘာဝသယံဇာတ အရင်းအမြစ်များကို မြန်မာတို့သာ ထုတ်ယူခံစားရမည်။ ဤမြေနှင့်ဤမြေပေါ်မှ ဤလူမျိုးတို့အားလုံး လွတ်လပ်သော နိုင်ငံသားများသာ ဖြစ်ရမည်။ မိမိတို့နိုင်ငံ ကောင်းကျိုးဖော်ဆောင်ရာ၌ မိမိရေမြေသဘာဝ၊ လူမျိုးစရိုက်၊ ယဉ်ကျေးမှုအစဉ်အလာ၊ ပြည်သူအားလုံး၏ သဘောဆန္ဒနှင့်အညီ ဖြစ်ရမည်။ ဤသည်ပင် မြန်မာတို့၏လွတ်လပ်မှု၊ မြန်မာတို့၏ ဒီမိုကရေစီ၊ မြန်မာတို့၏ လူ့အခွင့်အရေး ပိုင်ဆိုင်ခွင့်သာဖြစ်သည်ဟု မြန်မာတို့ အသည်းစွဲခံယူထားကြသည်။

ဤခံယူချက်၊ ဤသမိုင်းအမြင်၊ ဤဆန္ဒသဘောထားများသည် ပြည်ထောင်စု မြန်မာနိုင်ငံသား ၅၄ သန်းကျော်ကို ကိုယ်စားပြုထားသည်ဖြစ်ရာ ဤခံယူချက်၊ အမြင်၊ ဆန္ဒများ အကောင်အထည်ပေါ်လာစေရန် နိုင်ငံတော်အစိုးရက ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်ပြီး ဦးဆောင်လျက်ရှိသည်။ ပြည်သူ့ဆန္ဒထိပါးမှုမှန်သမျှ ဖယ်ရှားလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်သည် အေးချမ်းသာယာလျက်ရှိနေသည်။ နိုင်ငံ့စီးပွား တိုးတက်စေမည့် အခြေခံအဆောက်အအုံများဖြစ်သည့် ဆည်မြောင်း၊ တာတမံ၊ ရေလှောင်ကန်၊ ရေတံခါး၊လမ်း၊ တံတား၊ ဆေးရုံ၊ စာသင်ကျောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊စက်မှုဇုန်၊ စက်မှုလယ်ယာများ တည်ဆောက်အကောင်အထည်ဖော် အောင်မြင်လျက်ရှိနေသည်။

**ယနေ့ နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ လိုအပ်သော နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများသည်လည်း ခိုင်ခိုင်မာမာ ပေါ်ထွန်းနေပြီဖြစ်သည်။**

တည်ငြိမ် ငြိမ်းချမ်းခြင်းအခြေခံ၊ စီးပွားဖွံ့ဖြိုးတိုးတက်ခြင်း အခြေခံကောင်းများ ရရှိလာသည်နှင့် ပြည်သူလူထုအတွက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီတည်ဆောက်ရန် တစ်ဆင့်တက်လျက် ရှိပေသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ အတော်ပင် ခရီးရောက်နေပြီဖြစ်သည်။ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာပြီး ဘက်ပေါင်းစုံ၌ တိုးတက်ဖြစ်ထွန်းလာနေသော အခြေအနေကောင်းများကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သည်။ နိုင်ငံတော်အတွင်း ၁၇ နှစ်တာ ကြိုးပမ်းခဲ့ရသော ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုအပေါင်းလက္ခဏာများသည် နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လက်တွဲညီညီ အကောင်အထည်ဖော်မှု၏ အကျိုးရလဒ်ကောင်းများအဖြစ် ရှုမြင်ရပါကြောင်း ရေးသားတင်ပြရပါသည်။ ။

**စစ်ကိုင်းတိုင်း ကျွန်းလှ မြို့နယ်တွင် တည်ဆောက်ပေးထားသည့် သဖန်းဆိပ်ရေလှောင်တမံသည် တမံအလျား ၂၂၅၈၇ပေ (လေးမိုင်ကျော်)ရှည်လျားပြီး မြန်မာနိုင်ငံ၏ အကြီးဆုံး၊ အရှေ့တောင်အာရှ၌ တမံအလျား အရှည်လျားဆုံး ဆည်တမံကြီးဖြစ်သည်။ စိုက်ပျိုးမြေဧကငါးသိန်းကျော်ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ပေးလျက်ရှိသည်။**




**ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အစိုးရ နည်းပညာကောလိပ်(အေးသာယာ) တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။**

# ကျေးလက်နေပြည်သူများ အသိပညာတိုးပွားရေး ကျေးလက်စကားဝိုင်းများ၊ ပညာပေးဟောပြောပွဲများပြုလုပ်

# အမျိုးသမီးရေးရာစကားဝိုင်း၌ ကျေးရွာမှ ဒေသခံအမျိုးသမီးများက သိလိုသည်များကို ရင်းရင်းနှီးနှီး မေးမြန်း

* **မွန်ပြည်နယ်မှ**

ယနေ့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ယခင်ကနှင့်မတူ သိသိသာသာ ထူးခြား တိုးတက်ပြောင်းလဲဖြစ်ပေါ်လာလျက် ရှိရာတွင် မြို့ကြီးများသာမက ကျေးလက်ဒေသများပါမကျန် ခေတ်မီဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

ယင်းသို့ ဖွံ့ဖြိုးတိုးတက်ရာတွင် မွန်ပြည်နယ်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြို့ပြနှင့် ကျေးလက်ကွာဟမှုကျဉ်းမြောင်းစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိသည့်အတွက် မွန်ပြည်နယ်၏ ကျေးလက်ဒေသများသည် ယခင်ကနှင့်မတူ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာခဲ့ပေသည်။

**လေအားလျှပ်စစ်**

မွန်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် အောင်မြင်မှုများကို ကြည့်ရှုစစ်ဆေးအားပေးရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွန်ပြည်နယ်တာဝန်ခံ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၅ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကတိုးကျေးရွာသို့ ရောက်ရှိခဲ့ပြီး လေအားသုံးလျှပ်စစ်ဓာတ်အားသွင်းစက်ရုံဖွင့်ပွဲသို့ တက်ရောက်သည်။



**မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကတိုး/ကော့နှပ်ကျေးရွာတွင် မြို့နယ်နှင့်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့နှင့် ဒေသခံအမျိုးသမီးများက အမျိုးသမီးရေးရာစကားဝိုင်းဖွဲ့၍ ရင်းရင်းနှီးနှီး ဆွေးနွေးမေးမြန်းကြစဉ်။** (သတင်းစဉ်)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့်အညီ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၏ ကျေးလက်ဒေသတစ်ခုဖြစ်သော ကတိုး/ကော့နှပ်ကျေးရွာ၌ တည်ဆောက်ပြီးစီးခဲ့သည့် လေအားသုံး လျှပ်စစ်ဓာတ်အားသွင်းစက်ရုံဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

အစီအစဉ်အရ လေအားသုံး လျှပ်စစ်ဓာတ်အားသွင်းစက်ရုံကို ကော့နှပ်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ရွှေနှင့် ကျေးရွာပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးဒေါ်အေးအေးမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**ကျေးဇူးတင်**

ထို့နောက် ကျေးရွာရပ်မိရပ်ဖ ဦးကြီးမြင့်က ကျေးဇူးတင်စကားပြောကြားရာတွင် မိမိတို့ကျေးရွာသည် မော်လမြိုင်မြို့နယ်၏ ရေပိုင်းကျေးရွာခြောက်ရွာတွင်ပါဝင်သည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း၊ ကျေးရွာမီးလင်းရေးအတွက် ဒီဇယ်ဆီသုံး မီးစက်ဖြင့် မီးလင်းအောင် ဆောင်ရွက်ခဲ့ရာ ဒီဇယ်ဆီဈေးကြီးမြင့်လာမှုကြောင့် မီးလင်းရေးအတွက် အခက်အခဲရှိလာခဲ့ကြောင်း၊ ယခုအခါ လေအားသုံး လျှပ်စစ်ဓာတ်အားရရှိလာပြီဖြစ်၍ မိမိတို့ကျေးရွာ၏ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင်မရှိမဖြစ်လိုအပ်သော လျှပ်စစ်ဓာတ်အားရရှိလာခြင်းဖြစ်ရာ ဆောင်ရွက်ပေးသည့် နိုင်ငံတော်အပေါ် ကျေးဇူးအထူးတင်ရှိကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ပြည်သူများ၏လူနေမှုဘဝမြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာတွင် ကျေးလက်ဒေသမီးလင်းရေးကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်ကို မိမိတို့ဝမ်းပန်းတသာတွေ့နေရပါကြောင်း။

မိမိတို့ကျေးရွာ၌ ပညာရေးကဏ္ဍမြင့်မားအောင်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးအနေဖြင့် ငွေကျပ်သိန်းခြောက်ရာကျော်တန်တိုက်နယ်ဆေးရုံတစ်ရုံ တည်ဆောက်ပေးခြင်း၊ ရေလမ်းကိုသာ အသုံးပြုသွားလာခဲ့ရသည့် မိမိတို့ကျေးရွာအတွက် မြေသားလမ်းဖောက်လုပ်ပေးခြင်း၊ သောက်သုံးရေရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးခြင်း၊ လေအားလျှပ်စစ်ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ဝမ်းပန်းတသာပြောကြားသွားသည်။

**ဆွေးနွေး**

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် လေအားသုံး လျှပ်စစ်ဓာတ်အားသွင်းစက်ရုံကို လှည့်လည်ကြည့်ရှုကြပြီး လေအားသုံးလျှပ်စစ်ဓာတ်အားသွင်း စက်ရုံနှင့် စပ်လျဉ်း၍ ကျေးရွာနေပြည်သူများအား ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ လေအားသုံး လျှပ်စစ်ဓာတ်အားသွင်းစက်ရုံမှာ လျှပ်စစ်ဓာတ်အား လေးပေမီးချောင်းအချောင်း၂၀ မီးထွန်းပေးနိုင်ပြီးတန်ဖိုးငွေကျပ်ငါးသိန်းခန့်ကုန်ကျကြောင်း သိရှိရသည်။

ယင်းနောက်ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ကော့နှပ်ပရိယတ္တိကျောင်းသို့ ရောက်ရှိကြပြီး ရှေးဟောင်းယဉ်ကျေးမှု ဒီပင်္ကရာဝတ်တန်ဆောင်း၊ မဟာမြတ်မုနိပိဋကတ်တိုက်နှင့် နှစ်ကျိပ်ရှစ်ဆူဝတ်တန်ဆောင်းတို့ရှိ ဗုဒ္ဓဆင်းတုတော်များအား လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ကတိုးကျေးရွာရှိ မဟာရင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အာဒိစ္စအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့ဝင်များသည် ကတိုးတိုက်နယ်ဆေးရုံ၌ မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးနှင့် သမားတော်ကြီးများ ပါဝင်သော အဖွဲ့က ဒေသခံပြည်သူများအား အခမဲ့ဆေးဝါးကုသပေးနေမှုနှင့် ဆေးဝါးကုသမှု ခံယူနေကြသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးနှင့်သမားတော်ကြီးများပါဝင်သောအဖွဲ့သည် ဒေသခံပြည်သူ ၄၁၃ဦးတို့အား အခမဲ့ဆေးဝါးကုသပေးခြင်း၊ ခွဲစိတ် ကုသပေးခြင်း၊ မျက်စိဝေဒနာရှင် ၁၆၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း ဝေဒနာရှင် ၄၆ဦး၊ သားဖွားမီးယပ်ဝေဒနာရှင် ၁၇ဦး၊ ခွဲစိတ်ကုသမှုဝေဒနာရှင် ၁၄ဦး၊ သွားရောဂါဝေဒနာရှင် ၂၁ဦး၊ ကလေးလူနာ ၂၁ဦး၊ စိတ်ရောဂါဝေဒနာရှင်ရှစ်ဦးတို့အား ဆေးဝါးကုသပေးခြင်း၊ ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

အလားတူ မွန်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်တင်တင်လတ်နှင့်အဖွဲ့ဝင်များကလည်း ကျေးလက်နေပြည်သူများ အားအသိပညာတိုးပွားရေးအတွက် ကျေးလက်စကားဝိုင်းများ၊ ဆွေးနွေးပညာပေး ဟောပြောပွဲများ ပြုလုပ်ခဲ့ကြရာတွင် ပြည်တွင်းပြည်ပ အဆိုးမြင်ဝါဒီများက မြန်မာနိုင်ငံရှိလူမှုရေးအသင်းအဖွဲ့များအပေါ် သားပုပ်လေလွင့် ပြောကြားနေကြသည်မှာ မဟုတ်မမှန် မှားယွင်းနေပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံရှိလူမှုရေးအသင်းအဖွဲ့များကလည်းမြန်မာနိုင်ငံ၏နယ်စပ်ဒေသများပါမကျန်ကျေးလက်နေ ပြည်သူများအား ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊





**မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကဦးစီး၍ မော်လမြိုင်မြို့နယ် ကတိုးကျေးရွာတွင် ကျန်းမာရေးပညာပေးဟောပြောပွဲ ကျင်းပစဉ်။** (သတင်းစဉ်)



**မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကတိုး/ကော့နှပ် ကျေးရွာ လေအားသုံးလျှပ်စစ်ဓာတ်အားသွင်းစက် ဖွင့်ပွဲ အခမ်းအနားတွင် ကော့နှပ်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ရွှေနှင့် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး ဒေါ်အေးအေးမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

လူမှုရေးလုပ်ငန်းများတွင် ပါဝင်ကူညီလုပ်ကိုင်ပေးလျက်ရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် နယ်စပ်ဒေသများနှင့် ယင်းနယ်စပ်ဒေသများနေ တိုင်းရင်းသား ပြည်သူများအနေဖြင့် ယခင်အခြေအနေများနှင့် သိသိသာသာ ခြားနားစွာ ပြောင်းလဲတိုးတက်လာလျက်ရှိသည်ကို အားလုံး မျက်ဝါးထင်ထင် တွေ့မြင်နေရမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ဌာနပေါင်းစုံမှ တိုးတက်လာအောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသနေပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိတို့ကိုယ်တိုင်ကလည်း ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

အထူးသဖြင့် လူ့ဘဝ၏လိုအပ်ချက်ဖြစ်သော စားရေး၊ ဝတ်ရေး၊ နေရေးပြည့်စုံအောင် ဆောင်ရွက်ကြရမည်ဖြစ်ရာ ပထမဦးစားပေး စားရေးလိုအပ်ချက်အတွက် မိမိတို့စားသုံးနေသည့်စပါးကို ဒေသဝမ်းစာဖူလုံအောင် ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်သကဲ့သို့ ဝတ်ရေးနှင့်နေရေးအတွက်လည်း မိမိတို့ဒေသနှင့်ကိုက်ညီပြီး ဝင်ငွေကောင်းသည့်အပင်များ စိုက်ပျိုးသွားရန်နှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကိုလည်း မွေးမြူသွားကြရန်လိုကြောင်းဖြင့် ပြောကြားသွားသည်။

**ဆွေးနွေးတင်ပြ**

တစ်ချိန်တည်းမှာပင် ကျင်းပသည့် အမျိုးသမီးရေးရာစကားဝိုင်း၌ မြို့နယ်နှင့် ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကတိုး/ကော့နှပ်ကျေးရွာအတွင်း ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အသေးစိတ်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကျေးရွာမှ ဒေသခံအမျိုးသမီးများက ကိုယ်အင်္ဂါချွတ်ယွင်းသည့်ကလေးများအတွက် ပညာသင်ကြားရေးဆိုင်ရာကိစ္စများ၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများ၊ ဆေးကုသမှုမတတ်နိုင်သည့် အဘိုးအဘွားများအတွက် ဆောင်ရွက်ပေးနိုင်မှုများကို ရင်းရင်းနှီးနှီး မေးမြန်းကြရာ မြို့နယ်နှင့်ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များက ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြားကြသည်။

ယင်းကဲ့သို့ ဆောင်ရွက်ပေးနေခြင်းအပေါ် လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် နိုင်ငံတော် အစိုးရ အနေဖြင့် မြို့ကြီးများတွင်သာမက ကျေးလက်ဒေသများ၌လည်း ကျန်းမာရေး စောင့်ရှောက်မှုပေးနေပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့်အညီ ကျေးရွာပြည်သူများ၏ ကျန်းမာရေးအတွက် ဆောင်ရွက်ပေးလျက်ရှိနေသည်မှာ မျက်မြင်ထင်ရှားတွေ့ရှိရမှုများပင်ဖြစ်သည်။

အလားတူ မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ စာအုပ်နှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကော့နှပ်ကျေးရွာစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန့်ဇင်က ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များကို ကျေးရွာပြည်ထောင်စု **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍**

# ကတိုးကျေးရွာ၌ ကျပ်သိန်း ၆၅၀ တန် တိုက်နယ်ဆေးရုံ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ မော်လမြိုင်မှ ကားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်ပြီဖြစ်သဖြင့် ဒေသစီးပွားရေးအခြေအနေတိုးတက်

❍ စာမျက်နှာ ၁၀ မှ
ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး (စာကြည့်တိုက်တာဝန်ခံ) ဒေါ်အေးအေးမြင့်ထံလည်းကောင်း၊ ကတိုးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းနှင့် ကော့နှပ်ကျေးရွာ မူလတန်းလွန်ကျောင်းတို့အတွက် အားကစားပစ္စည်းများကို ကတိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးလှဟန်ထံလည်းကောင်း ပေးအပ်သည်။

လူမှုရေးအသင်းအဖွဲ့များအနေဖြင့် တီဘီရောဂါကာကွယ်ရေး အစီအစဉ်၊ HIV/AIDS ရောဂါပညာပေး အစီအစဉ်များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားလျက်ရှိသည်ကို တွေ့ရှိရသည်။

### ဖွံ့ဖြိုးတိုးတက်လာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ ကျေးလက်ဒေသနေပြည်သူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်လာရေး၊ လူနေမှုဘဝ မြင့်မားလာရေးတို့အတွက် မိမိတို့ကိုယ်တိုင်လည်း ဖိဖိစီးစီး ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြရာ ကတိုး/ကော့နှပ် ကျေးလက်ဒေသသည်လည်း ယခင်ကနှင့်မတူ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာသည်မှာ မျက်မြင်ကိုယ်တွေ့ ပင်ဖြစ်သည်။

ထို့ပြင် ကတိုးကျေးရွာ၌ ငွေကျပ်သိန်း ၆၅၀ တန် တိုက်နယ်ဆေးရုံ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်း၊ ကတိုးတိုက်နယ်ဆေးရုံ၌ ကားလမ်းမှ ကော့နှပ်၊ ကွမ်တာ၊ သံကပိုင်၊ ကော့လှာ၊ ဖယ်ထော်၊ ကော့ပွန်း၊ ဖဲကတာ၊ ကျုံမနောနှင့် ရေလမ်းမှ ကော့တွန်၊ ကော့ပေါက်ကျေးရွာ ပြည်သူများ ဆေးဝါးကုသမှု ခံယူလျက်ရှိရာ ကျေးရွာနေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စွာ ရရှိခံစားနေရပြီဖြစ်သည်။



မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကော့နှပ်ကျေးရွာ စာကြည့်တိုက်၌ ကျင်းပသော မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာအုပ်နှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန့်ဇင်က စာကြည့်တိုက်အတွက် စာအုပ်များကို ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး (စာကြည့်တိုက်တာဝန်ခံ) ဒေါ်အေးအေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

### သွားလာရေးလွယ်ကူ

အတ္တရံတံတား၊ ဂျိုင်း၊ ဇာသပြင် တံတားများ တည်ဆောက်ပေးခဲ့သဖြင့် ကတိုး/ကော့နှပ်ကျေးရွာများသို့ မော်လမြိုင်မှ ကားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည့်အပြင် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးခဲ့သဖြင့် ယခင်ကရေလမ်းမှ မော်လမြိုင်သို့ ၁ နာရီခွဲကြာ သွားလာခဲ့ရရာမှ ယခုအခါ ကားလမ်းမှ နာရီဝက်၊ ၄၅မိနစ်သာ ကြာမြင့်သဖြင့် သွားလာရေး လွယ်ကူချောမွေ့လျက်ရှိသည်။

ကျေးရွာ၌ ဥယျာဉ်ခြံကြီးများ၊ လယ်ယာကိုင်းကျွန်းစိုက်ခင်းကြီးများ၊ မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရုံသာမက မိုးစပါး၊ နွေစပါးများ စိုက်ပျိုး၍ နှစ်သီးစား စိုက်ပျိုးဖြစ်ထွန်းလာနေပြီဖြစ်ခြင်း။

လမ်း၊ တံတားများ ဖောက်လုပ်တည်ဆောက်ပေးခဲ့သဖြင့် လယ်ယာထွက်သီးနှံများ အချိန်တိုအတွင်း မော်လမြိုင်မြို့သို့ သယ်ယူပို့ဆောင်နိုင်ကာ ကျေးလက်ဒေသစီးပွားရေး အခြေအနေ တိုးတက်လာခြင်း။

ကျေးလက်ဒေသ စီးပွားရေးအခြေအနေ တိုးတက်လာခြင်းကြောင့် ကျေးရွာများ၌ အိမ်ကြီး၊ အိမ်ကောင်းများ ပေါ်ပေါက်လာသကဲ့သို့ သာသနိက အဆောက်အအုံများဖြစ်သည့် ရှေးယခင်က ဘုရားဒါယကာကြီး ဦးနာအောက်၏ ဘုရား၊ ကျောင်း၊ ကန်၊ စေတီပုထိုးများ ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံခြင်း အပါအဝင် အခြား သာသနိက အဆောက်အအုံများပါ ရွှေရောင် တဝင်းဝင်းဖြင့် သာသနာရောင်ထိန်ထိန်လင်း လျက်ရှိခြင်း။

ကျေးရွာ၌ လျှပ်စစ်မီးများ ရရှိလာပြီး ယခုဆိုလျှင် လေအားသုံးလျှပ်စစ်ဓာတ်အားပင် အသုံးပြုလာနိုင်သဖြင့် ရုပ်မြင်သံကြားအစီအစဉ်များအပြင် ဂြိုဟ်တုစလောင်းများကိုပါ တပ်ဆင် အသုံးပြုလာနိုင်ခြင်း၊ တယ်လီဖုန်းတပ်ဆင် အသုံးပြုလာနိုင်ခြင်း။

ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်၍ စာပေဗဟုသုတများ လေ့လာဖတ်ရှုနိုင်ခြင်းတို့ကြောင့် ကျေးလက်နေ ပြည်သူလူထု ပညာရည်မြင့်မားတိုးတက်လာပြီး အခြေခံပညာ အထက်တန်းကျောင်းမှလည်း ပညာထူးချွန်ထက်မြက်သည့် လူငယ်များပေါ်ထွန်းလာခြင်း၊ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာခြင်း စသည့် ကျေးလက်နေ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သည်။

ထို့ကြောင့် ကျေးလက်ဒေသများကို ပစ်ပယ်ထားကြောင်း၊ လျစ်လျူရှုထားကြောင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ အာဟာရချို့တဲ့နေကြောင်း၊ ကျန်းမာရေးနိမ့်ကျနေကြောင်း စသည့် ပြည်တွင်း၊ ပြည်ပ အဆိုးမြင်ဝါဒီများ၊ အနောက်တိုင်း မီဒီယာအဖွဲ့အစည်းများ၏ နိုင်ငံတော်အစိုးရအပေါ် စွပ်စွဲချက်များသည် မမှန်ကန်ကြောင်းကို မော်လမြိုင်မြို့နယ် ကတိုး/ကော့နှပ်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုက အထင်အရှား သက်သေပြလျက်ရှိနေပေသည်။ (သတင်းစဉ်)

**ကျေးလက်ဒေသများကို ပစ်ပယ်ထားကြောင်း၊ လျစ်လျူရှုထားကြောင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ အာဟာရ ချို့တဲ့နေကြောင်း၊ ကျန်းမာရေး နိမ့်ကျနေကြောင်း စသည့် ပြည်တွင်း၊ ပြည်ပ အဆိုးမြင်ဝါဒီများ၊ အနောက်တိုင်း မီဒီယာအဖွဲ့အစည်းများ၏ နိုင်ငံတော် အစိုးရအပေါ် စွပ်စွဲချက်များသည် မမှန်ကန်ကြောင်းကို မော်လမြိုင်မြို့နယ် ကတိုး/ကော့နှပ်ကျေးရွာ၏ ဖွံ့ဖြိုး တိုးတက်မှုက အထင်အရှား သက်သေပြလျက်ရှိနေ။**

## တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

## ရန်ကုန်အဝေးသင်တက္ကသိုလ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းနှင့် စာစစ်ဌာနများကြေညာ

ရန်ကုန် စက်တင်ဘာ ၁၆

**ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၅ ပညာသင်နှစ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၇ ရက်မှ ၁၇ ရက်အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို နိုဝင်ဘာ ၂၁ ရက်မှ ၂၉ ရက်အထိလည်းကောင်း ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ ဟသ်ာတ တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်နှင့် ပဲခူးဒီဂရီကောလိပ် စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။**

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ (ဒဂုံတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးအထူးပြုအားလုံး၊ သမိုင်း၊ ဥပဒေပညာအထူးပြုနှင့် စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသားများသည် ဒဂုံတက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြရမည်ဖြစ်သည်။ ပထမနှစ် စီးပွားရေးအထူးပြု ကျောင်းသားများသည် အထက(၁) အင်းစိန်နှင့် အထက(၂) အင်းစိန်တို့၌လည်းကောင်း၊ ပထမနှစ် စီးပွားစီမံအထူးပြု ကျောင်းသားများသည် အထက(၅) မြောက်ဥက္ကလာပ၌လည်းကောင်း၊ ပထမနှစ် သမိုင်းအထူးပြုကျောင်းသားများသည် အထက(၁) မြောက်ဥက္ကလာပနှင့် အထက(၅) အင်းစိန်တို့၌လည်းကောင်း၊ ပထမနှစ် ဥပဒေအထူးပြုကျောင်းသားများသည် အထက(၃) အင်းစိန်နှင့် အထက(၄) အင်းစိန်တို့၌လည်းကောင်း၊ ဒုတိယနှစ် ဥပဒေအထူးပြုကျောင်းသားများသည် အထက(၁) မြောက်ဥက္ကလာပ၊ အထက(၂) မြောက်ဥက္ကလာပ၊ အထက(၃) မြောက်ဥက္ကလာပ၊ အထက(၄) မြောက်ဥက္ကလာပနှင့် အထက(၅) မြောက်ဥက္ကလာပတို့၌လည်းကောင်း၊ ဒုတိယနှစ် သမိုင်းအထူးပြုကျောင်းသားများသည် အထက(၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အထက(၃) ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် အထက(၄) ဒဂုံမြို့သစ်(မြောက်ပိုင်း) တို့၌လည်းကောင်း၊ တတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသားများသည် အထက(၁) တောင်ဥက္ကလာပ၊ အထက(၂) တောင်ဥက္ကလာပနှင့် အထက(၄) တောင်ဥက္ကလာပတို့၌လည်းကောင်း စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။ တတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသားများသည် အထက(၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အထက(၃) ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အထက(၄) ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် အထက(၂) မြောက်ဥက္ကလာပတို့၌ စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။ ကျန်ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးအထူးပြုများ၊ သမိုင်း၊ ဥပဒေပညာအထူးပြု၊ စတုတ္ထနှစ် ဥပဒေပညာအထူးပြုကျောင်းသားများသည် ဒဂုံတက္ကသိုလ်၌ စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးအထူးပြုအားလုံး၊ သမိုင်း၊ ဥပဒေ ပညာအထူးပြုနှင့် စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသားများသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြရမည်ဖြစ်သည်။ ပထမနှစ် ဥပဒေပညာအထူးပြုကျောင်းသားများသည် အထက(၁)သန်လျင်၌ စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။ ကျန်ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးအထူးပြု အားလုံး၊ သမိုင်း၊ ဥပဒေပညာ အထူးပြုနှင့် စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသားများသည် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၌ စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အနောက်ပိုင်းဌာနခွဲ (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးအထူးပြုအားလုံး၊ သမိုင်း၊ ဥပဒေပညာအထူးပြုနှင့် စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသားများသည် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြပြီး စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ နယ်ဌာနခွဲအသီးသီး၌ မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးပညာ အထူးပြုကျောင်းသားများ၊ သမိုင်း၊ ဥပဒေပညာအထူးပြုနှင့် စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသားများသည် မိမိတို့နှင့်သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြပြီး စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို သက်ဆိုင်ရာအဝေးသင်တက္ကသိုလ် ဌာနခွဲများနှင့် အခြေခံ ပညာအထက်တန်းကျောင်းများ၌ ကြေညာထားမည်ဖြစ်သည်။ (သတင်းစဉ်)

# သန်လျင်မြို့နယ် သူဌေးကွင်း စံပြကျေးရွာ၌ ရပ်ရွာပညာပဒေသာဌာန ဆိုင်းဘုတ်စိုက်ထူပွဲ ကျင်းပ

## အဆင့်အတန်း၊ အသက်အရွယ်၊ ကျား/မ မရွေး ပညာဗဟုသုတ အမျိုးမျိုး အလွယ်တကူ ရယူနိုင်ပြီ

ရန်ကုန်   စက်တင်ဘာ   ၁၆

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ရပ်ရွာပညာပဒေသာဌာန ဆိုင်းဘုတ်စိုက်ထူပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သူဌေးကွင်းစံပြကျေးရွာ၌ ကျင်းပသည်။**

### တက်ရောက်

အဆိုပါ ဆိုင်းဘုတ်စိုက်ထူပွဲသို့ မြန်မာနိုင်ငံအမျိုသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင် ဦးစီးသည့် အဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူ ဦးဆောင်သည့် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစောအောင်နှင့် တာဝန်ရှိသူများ၊ သူဌေးကွင်းစံပြကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ သိုက်သိုက်ဝန်းဝန်း တက်ရောက်ကြသည်။

ရှေးဦးစွာ သူဌေးကွင်းစံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာနဆိုင်းဘုတ်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက အိုးစည်၊ ဒိုးပတ်များ တီးမှုတ်၍ တပျော်တပါး စိုက်ထူကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပံ့ပိုးလှူဒါန်းသော အပ်ချုပ်စက်များကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြပြီး ရပ်ရွာပညာပဒေသာဌာန၏ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အသုံးပြုနိုင်ရန် ငွေကျပ် ငါးသောင်းကို ငွေပဒေသာပင်အဖြစ် စိုက်ထူလှူဒါန်းသည်။

### လှူဒါန်း

ဆက်လက်၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ရပ်ရွာပညာပဒေသာဌာန စာကြည့်တိုက်၌ အသုံးပြုရန် ဗီရိုတစ်လုံးနှင့် စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းရာ သူဌေးကွင်းစံပြကျေးရွာ ရပ်မိရပ်ဖများက လက်ခံယူကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများသည် သူဌေးကွင်း စံပြကျေးရွာ မဟာသကျအတုလ စေတီတော် ဓမ္မာရုံ၌ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစောအောင်က ရပ်ရွာပညာပဒေသာဌာနနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ ရပ်ရွာပညာပဒေသာဌာနများသည် ရပ်ရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများကပင် တည်ထောင်ဖွင့်လှစ် စီမံဆောင်ရွက်ထားသည့်အဆင့်အတန်းမရွေး၊ အသက်အရွယ်မရွေး၊ ကျား/မ မရွေး၊ အချိန်ကာလမရွေး၊ မည်သူမဆို မိမိတို့ ရယူလိုသော ပညာဗဟုသုတ အမျိုးမျိုးကို အလွယ်တကူ ရယူနိုင်သည့် နေရာဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအတွက် သတင်းအချက်အလက်များ ရရှိရာဌာန၊ အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာသင်တန်းဌာန၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးတိုင်ပင်ရာဌာန၊ စာဖတ်ခန်း၊ စာကြည့်တိုက်၊ ယဉ်ကျေးမှုဌာန၊ အပန်းဖြေရာဌာနဖြစ်ကြောင်း။

ရပ်ရွာပညာ ပဒေသာဌာနများ တည်ထောင်ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များမှာ ရပ်သူရွာသားများအားလုံး သင်ယူမှုအခွင့်အလမ်းများ ရရှိစေရန်၊ ရပ်သူရွာသားတို့အား အထောက်အကူပြုမည့် သတင်းအချက်အလက်များ ရယူနိုင်စေရန်၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရန်နှင့် ဒေသဖွံ့ဖြိုးမှုအတွက် ထောက်ပံ့နိုင်သည့် အဖွဲ့အစည်းဌာနများနှင့် ရပ်သူရွာသားများ ပူးပေါင်းဆောင်ရွက်မှု ရရှိစေရန်တို့ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန အနေဖြင့် မြန်မာတစ်နိုင်ငံလုံး၌ ရပ်ရွာပညာပဒေသာဌာန ၈၈၇ ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီး ရန်ကုန်တိုင်းအတွင်း ရှစ်ခု ဖွင့်လှစ်ပြီးဖြစ်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲ၏ ပူးပေါင်းကူညီမှုဖြင့် သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာနှင့် သူဌေးကွင်း စံပြကျေးရွာတို့၌ ဖွင့်လှစ်ခဲ့ကြောင်းဖြင့် အကျယ်တဝင့်ရှင်းလင်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ဝင် ဒေါ်ခိုင်စိုးမြင့်က ပညာရေးလုပ်ငန်းအဖွဲ့ခွဲ၏ တာဝန်ဝတ္တရားများအနက် ရပ်ရွာပညာပဒေသာဌာန၏ လုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်ပေးနိုင်သော လုပ်ငန်းများနှင့် ပံ့ပိုးဖြည့်ဆည်းပေးနေမှု အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးရွာ ရပ်မိရပ်ဖများက နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ စံပြကျေးရွာထူထောင်ခဲ့ကြပုံ၊ ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးနှင့် တယ်လီဖုန်းဆက်သွယ်ရေး တိုးတက်ဖွံ့ဖြိုးလာမှုများ၊ လယ်ယာလုပ်ငန်းခွင် တိုးတက်ဖွံ့ဖြိုးမှုကြောင့် စီးပွားရေးကောင်းမွန်လာပြီး ကျေးရွာအတွင်း လူနေမှုဘဝ တိုးတက်မြင့်မားလာမှုများကို ဝမ်းသာအားရ ပြောပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ဝင်များက အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ဆွေးနွေးမေးမြန်းကြရာ ကျေးရွာသူများက ဖြေကြားကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာသို့ သွားရောက်ကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ရန်ကုန်တောင်ပိုင်းခရိုင် ကျန်းမာရေးဦးစီးဌာနမှ အထူးကု ဆရာဝန်ကြီးများအဖွဲ့တို့ ပူးပေါင်း၍ ကျေးရွာသူ ကျေးရွာသားများ၊ မိခင်လောင်းများ၊ ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုများကို ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါက်တာဒေါ်ခင်သန်းဦး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါက်တာဒေါ်လေးခိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းတို့က သူဌေးကွင်းစံပြကျေးရွာနှင့် ကရင်ဆိပ်စံပြကျေးရွာတို့၌ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများနှင့် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းဆွေးနွေးကြသည်။ အဆိုပါအဖွဲ့တွင် သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု၊ အထွေထွေရောဂါကုသမားတော်ကြီးနှင့် သွားရောဂါကု ဆရာဝန်ကြီးများ ပါဝင်ကြပြီး လူနာ ၁၈၀ အား အခမဲ့ စမ်းသပ်ကုသပေးကာ ဆေးဝါးများကို အခမဲ့ထောက်ပံ့ပေးခဲ့ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များသည် ဆေးဝါးကုသပေးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြပြီး သုံးမြွှာပူးမွေးဖွားသည့် မိခင်နှင့်ကလေးများအတွက် အလှူငွေများကို ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကိုယ်ဝန်ဆောင် အမျိုးသမီးများအတွက် အင်္ကျီများ၊ ဆေးဝါးများ၊ အလှူငွေများနှင့် မှန်ချိုတိုင်းရင်းဆေးတိုက်က ဆေးဝါးများ တန်ဖိုးစုစုပေါင်း ငွေကျပ် လေးသိန်းဖိုးကို ပေးအပ်လှူဒါန်းကြသည်။

### လက်ခံရယူ

ထို့နောက် အဆိုပါအဖွဲ့သည် ကရင်ဆိပ်စံပြကျေးရွာ အောင်မင်္ဂလာဆုတောင်းပြည့် ကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသည့် ရပ်ရွာပညာပဒေသာဌာန၌ အဆိုပါဌာနအတွက် အပ်ချုပ်စက်များ၊ စာအုပ်၊ စာစောင်များနှင့် ငွေပဒေသာပင်အဖြစ် ငွေကျပ်ငါးသောင်းကို ထောက်ပံ့ ပေးအပ်ရာ ရပ်မိရပ်ဖများနှင့် ရပ်ရွာပညာပဒေသာဌာနမှ အဖွဲ့ဝင်များက လက်ခံရယူကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများသည် ကရင်ဆိပ်စံပြကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများကို ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်နှင့် ကရင်ဆိပ်စံပြကျေးရွာ အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် အောင်မင်္ဂလာဆုတောင်းပြည့်ကျောင်းတိုက် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)



**မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် သန်လျင်မြို့နယ် သူဌေးကွင်းစံပြကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များ သန်လျင်မြို့နယ် သူဌေးကွင်း စံပြကျေးရွာ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပံ့ပိုးလှူဒါန်းသော အပ်ချုပ်စက်များကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ရန်ကုန်တောင်ပိုင်းခရိုင် ကျန်းမာရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများ အဖွဲ့တို့ ပူးပေါင်း၍ သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသား များ၊ မိခင်လောင်းများ၊ ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြစဉ်။** (သတင်းစဉ်)



## မိုးကုတ်ဝိပဿနာ တရားစခန်းပွဲများ

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေစက်တော်ကျောင်းမှ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဦးသုန္ဒရသည် စက်တင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ သုံးခွမြို့ မိုးကုတ်ရိပ်သာ၊ စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂ ရက်အထိ နတ်တလင်းမြို့ ကဥ္စနာပုံကျောင်း၊ အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တွင် လက်ပံတန်းမြို့ ရတနာသီရိဓမ္မာရုံတို့တွင် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး တရားများကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ကျေးလက်ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စုပေါင်းဆောင်ရွက်

## ကော့မှူးမြို့နယ် လက်ခပ်ကျေးရွာ သဲကုန်းပိုင်း မူလတန်းကျောင်းပြုပြင်တိုးချဲ့ဆောက်လုပ်

## နတ်စင်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ရွာများမှ ပြည်သူ ၅၀၀ကျော်ကို ကျန်းမာရေးစစ်ဆေးကုသ





ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) များဖြစ်ကြသည့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် လက်ခပ်ကျေးရွာအုပ်စု သဲကုန်းပိုင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာ မူလတန်းကျောင်းကို သွပ်မိုးပျဉ်ကာများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (၁၉)

ရန်ကုန် စက်တင်ဘာ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ကာ ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် ကော့မှူးမြို့နယ် လက်ခပ်ကျေးရွာအုပ်စု သဲကုန်းပိုင်းရှိ ဧရိယာအကျယ်အဝန်း အလျားပေ ၂၀၀၊ အကျယ်ပေ ၉၀ရှိ မြေကွက်လပ်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလျားပေ ၄၀၊ အကျယ် ၃၂ပေရှိ အခြေခံပညာမူလတန်းကျောင်း သွပ်မိုးပျဉ်ကာ အဆောက်အအုံ ပြန်လည်ပြုပြင်နေမှု၊ အလျား ပေ၂၀၊ အကျယ် ၃၂ပေရှိ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရာတွင် အသင်းဝင်များစုပေါင်း ဆောင်ရွက်နေမှု အခြေအနေများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ နံနက် ၈နာရီခွဲတွင် သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်များနှင့်တာဝန်ရှိသူများသည် ကော့မှူးမြို့နယ် နတ်စင်ကုန်း ကျေးရွာသို့ ရောက်ရှိကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ပူးပေါင်း၍ နတ်စင်ကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျေးလက်နေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

### ကျန်းမာရေးဆောင်ရွက်

အဆိုပါ ကျေးလက်နေပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင် ဦးစီးပြီး ဒေါက်တာ မောင်မော်ခေါင်းဆောင်၍ သမားတော်ကြီး ဦးချစ်စိုးနှင့် သမားတော်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာထွန်းဦးနှင့်ဆရာဝန်ကြီးများ၊ သားဖွားမီးယပ်ရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာနီလာဝင်းနှင့် ဆရာဝန်ကြီးများ၊ ကလေးရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာသန်းသန်းအေးနှင့် ဆရာဝန်ကြီးများ၊ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာမြင့်မြင့်ခိုင်



**ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာ သန်းသန်းအေးနှင့် ဆရာဝန်ကြီးများ ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျေးလက်နေကလေးငယ်များအား ဘဏ်ရည်လွှာ စစ်ဆေးကြစဉ်။** (မြို့တော်စည်ပင်)

နှင့် ဆရာဝန်ကြီးများ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်ကြီး ဒေါက်တာသိန်းထွန်းနှင့် ဆရာဝန်ကြီးများ၊ အရိုး၊ အကြော အထူးကု ဆရာဝန်ကြီး ဒေါက်တာဇော်ဝေစိုးနှင့် ဆရာဝန်ကြီးများ၊ ရန်ကုန်တိုင်း တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူး ဒေါ်သန်းသန်းမြင့်နှင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များက ရန်ကုန်တိုင်းနှင့် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းကာဆောင်ရွက်ပေးကြသည်။

### ဆေးရုံသို့လွှဲပြောင်းကုသ

ယင်းသို့ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးရွာနေ ပြည်သူ ၅၁၁ ဦးတို့အား ကုသစောင့်ရှောက်မှုဆောင်ရွက်နိုင်ခဲ့ပြီး ၆၃ ဦးတို့အား ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသနိုင်ရန်နှင့် ဆေးကုသချိန်တစ်လျှောက် ကျန်းမာလာသည်အထိ အနီးကပ်စောင့်ရှောက်မှုပေးသွားရန် စီစဉ်ပေးသည်။

ထို့နောက် နတ်စင်ကုန်း အခြေခံပညာ အထက်တန်းကျောင်းခွဲခန်းမ၌ ကျေးလက်နေပြည်သူများအား တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါက်တာနွယ်နီအုန်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်စီစီရွှေရင်တို့က ကျန်းမာရေး စောင့်ရှောက်ပေးနေမှုနှင့် လုပ်ငန်းများအလိုက် သိသင့်သည်များကို ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ နတ်စင်ကုန်းကျေးရွာ အုပ်စု ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၁၂၁၃ စောင်ကို ကျေးရွာစည်းရုံးရေးမှူး ဦးလှဝင်းက ပေးအပ်ရာ တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်က လက်ခံသည်။

### နှုတ်ဆက်အားပေး

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်များနှင့် ဧည့်သည်များသည် နတ်စင်ကုန်းကျေးရွာအုပ်စုနေ ပြည်သူများအား နယ်လှည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေကြသော အထူးကုသမားတော်ကြီးများ၏ စစ်ဆေး ကုသပေးနေမှုအခြေအနေနှင့် ပညာပေးပြခန်း ခင်းကျင်းပြသထားရှိမှုတို့ကို လိုက်လံကြည့်ရှုကြပြီး ကျေးရွာနေ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးကြသည်။

### လေ့လာနိုင်

ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာသည် နှစ်မိုင်ပတ်လည်အကျယ် အဝန်းရှိ၍ အိမ်ခြေအလုံး ၁၁၂၀၊ အိမ်ထောင်စု ၁၂၈၁စုရှိကာ လူဦးရေ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၅၄၀၄ဦးရှိပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ကျေးရွာနေ ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အချိန်အခါမရွေးဆက်သွယ်နိုင်မည့် လိုင်းခွဲ ၅၀ရှိ ကိုယ့်အား ကိုယ်ကိုး တယ်လီဖုန်း အိတ်ချိန်းရုံးတစ်ခု၊ တိုက်နယ် ကျန်းမာရေးဆေးခန်း တစ်ခန်း၊ မူလတန်းကြို နေ့ကလေးထိန်းကျောင်း၊ စာပေပညာ ဗဟုသုတများ တိုးပွားစေရန် စာအုပ်စာတမ်းများ လေ့လာနိုင်မည့် စာကြည့်တိုက်တစ်ခု၊ အခြေခံပညာ မူလတန်းကျောင်း သုံးကျောင်းရှိနေပြီဖြစ်သည်။

နတ်စင်ကုန်းကျေးရွာ ပတ်ဝန်းကျင်တွင်လည်း ကျေးရွာဥယျာဉ်စိုက်ခင်းကြီးများ၊ လယ်ယာစိုက်ခင်းကြီးများဖြင့် တစ်မျှော်တစ်ခေါ် ဖြစ်ထွန်းအောင်မြင်လျက်ရှိနေပြီး လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းကြောင့် နတ်စင်ကုန်းကျေးရွာသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုရှိနေသည်။ (သတင်းစဉ်)

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ် အထက်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၆

မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် စစ်တောင်းမြစ်ရေသည် ပဲခူးတိုင်း တောင်ငူမြို့၌ စက်တင်ဘာ ၁၄ရက်မှစ၍ မြင့်တက်လျက်ရှိရာ စက်တင်ဘာ ၁၅ရက် ညနေ ၆နာရီခွဲအချိန် တိုင်းထွာချက်အရ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာ၏ အထက် ၆၈၄ စင်တီမီတာသို့ ရောက်ရှိနေသည်။

စစ်တောင်းမြစ်ရေတက်မှုကြောင့် တောင်ငူမြို့ပေါ်ရှိ ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာအချို့သို့ ရေများဝင်လာသဖြင့် အိမ်ထောင်စု ၄၆၆စုမှ လူဦးရေ ၁၉၀၁ ဦးတို့အား ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ နေရာချထားပေးလျက်ရှိသည်။

အဆိုပါ အိမ်ထောင်စုများအား ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားခြင်းလုပ်ငန်းများနှင့် ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။ (သတင်းစဉ်)

## မုတ်သုံလေ အားကောင်းမည်

ရန်ကုန် စက်တင်ဘာ ၁၆

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ယမန်နေ့က မြစ်ဝကျွန်းပေါ်ဒေသတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး ယနေ့နံနက် မြန်မာစံတော်ချိန် ဝ၆း၃ဝနာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ရောက်ရှိနေသည်။ ယင်းလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်အားကောင်းလာပြီး နောက် ၂၄နာရီအတွင်း မုန်တိုင်းငယ်တစ်ခု အဖြစ်သို့ ရောက်ရှိလာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

စက်တင်ဘာ ၁၇ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

# နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ ပြည့်စုံနေမှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ပိုမိုသွက်လက်ထိရောက် အောင်မြင်လာမည်

ရန်ကုန် စက်တင်ဘာ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စက်တင်ဘာ ၁၄ ရက်တွင် ကျိုင်းတုံတပ်နယ်၊ မိုင်းဆတ်တပ်နယ်နှင့် မိုင်းတုံတပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများနှင့်အတူ မိုင်းဆတ်ဒေသနှင့် မိုင်းတုံဒေသ၏ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၅ ကော်လံ ၁ သို့ ✧

## အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း မိုင်းဆတ်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)





# မွန်ပြည်နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်အောင်မြင်

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပြည်သူများ လူနေမှုမြင့်မားရေး ဆောင်ရွက်ပေးနေ

# ကတိုးတိုက်နယ်ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများအား အခမဲ့ဆေးဝါးကုသ

# လူမှုရေးအသင်းအဖွဲ့များက တီဘီရောဂါကာကွယ်ရေး၊ HIV/AIDS ပညာပေးရေး တက်ကြွစွာ လှုပ်ရှားနေ

ရန်ကုန် စက်တင်ဘာ ၁၆

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘက်စုံ၊ထောင့်စုံ၊ကဏ္ဍစုံမှ လိုအပ်သည့် တည်ဆောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။**

ထိုသို့ကြိုးပမ်းဆောင်ရွက်အကောင်အထည်ဖော်ရာတွင် ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟမှု လျော့နည်းကျဆင်းပြီး ပြည်နယ်နှင့်တိုင်းအားလုံး တတ်နိုင်သမျှ တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် အလေးပေးဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✳

## အခမဲ့ စမ်းသပ်စစ်ဆေး

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကတိုးတိုက်နယ်ဆေးရုံ၌ မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံမှအထူးကုဆရာဝန်ကြီးနှင့် သမားတော်ကြီးများအဖွဲ့က မျက်စိ၊နား၊နှာခေါင်း၊လည်ချောင်း၊ သွားရောဂါ ဝေဒနာရှင်များအား အခမဲ့ စမ်းသပ်စစ်ဆေးပေးစဉ်။

(သတင်းစဉ်)





မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကတိုး/ကော့နပ်ကျေးရွာတွင် မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်လတ်နှင့် အဖွဲ့ဝင်များက ကျေးလက်နေ ပြည်သူများ အသိပညာ တိုးပွားရေးအတွက် ကျေးလက်စကားဝိုင်းများဖွဲ့၍ ဆွေးနွေးပညာပေး ဟောပြောပွဲ ပြုလုပ်ကြစဉ်။

(သတင်းစဉ်)